EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်®

အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေသည်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၄၅) “ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ” (ဒီဇင်ဘာ ၁၀ ၊ ၂၀၁၈)

Merry Christmas




## ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး နှစ်ဖက်လက်နက်ကိုင် အဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်းမှုများ အဆက်မပြတ်လုပ်ဆောင်သွားရန် ဗြိတိန်သံအမတ်နှင့် အမေရိကန်သံအမတ်တို့ တိုက်တွန်း

စာ - ၅ သို့ »




## ဒဏ်ငွေငါးသိန်းမပေးဆောင်နိုင်လျှင် နောက်ထပ်ထောင်ဒဏ် (၆) လကျခံရမည်ဟု တရားရုံးအမိန့်ချမှတ်၊ ဒဏ်ငွေငါးသိန်းကို မပေးဆောင်ဘဲ အယူခံဝင်သွားမည်ဟု ဆန္ဒပြအဖွဲ့ ဦးဆောင်သူ သုံးဦး၏ အကျိုးဆောင်ရှေ့နေပြော

စာ - ၃ သို့ »



## မေခမြစ်အထက်ပိုင်းရှိ ခါဘာကျေးရွာတွင် ယန္တရားကြီးများဖြင့် ရွှေတူးဖော်မှုများရှိနေ

စာ - ၂ သို့ »

## နိုင်ငံတော်ဒုတိယသမ္မတ(၂) ဦးဟင်နရီဗန်ထီးယူ ကချင်ပြည်နယ် ခရီးစဉ်တွင် ပြန်လည် စွန့်လွှတ်မြေ ဧက ၁၀၀ ကျော်ပေးအပ်

စာ - ၄ သို့ »

## မြစ်ကြီးနား ရက်ကန်းနှင့်အသက်မွေးပညာကျောင်းတွင် လက်ရက်ကန်းသင်တန်း အခမဲ့ ဖွင့်လှစ်မည်

စာ - ၁၅ သို့ »

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဒီဇင်ဘာ ၁၀ ၊ ၂၀၁၈ )

# မေခမြစ်အထက်ပိုင်းရှိ ခါဘာကျေးရွာတွင် ယန္တရားကြီးများဖြင့် ရွှေတူးဖော်မှုများရှိနေ





မြစ်ကြီးနား၊ ဒီဇင်ဘာ ၃

မေခမြစ်အထက်ပိုင်းရှိမြစ်ကြီးနားမြို့နယ်၊ ခါဘာကျေးရွာတွင် စက်ယန္တရားကြီးများဖြင့် တူးဖော်နေသည့် ရွှေလုပ်ကွက်များကို နိုဝင်ဘာလ ၂၈ ရက်က တွေ့ရှိခဲ့ရသည်။

ယင်းကျေးရွာတွင် ဒေသခံများ တစ်နိုင်တစ်ပိုင် တူးဖော်လုပ်ကိုင်နေကြရာမှ ယခုနှစ် ဩဂုတ်လပိုင်းက ဒေသခံမဟုတ်သော အမည်မသိရွှေလုပ်ငန်းရှင်များ ဝင်ရောက်လာကာ ဘက်ဟိုးယန္တရား(၄)စီးဖြင့် လာရောက်တူးဖော်လုပ်ကိုင်နေကြောင်း သတင်းအရ မြစ်ကြီးနားသတင်း ဂျာနယ်မှ သွားရောက်ကြည့်ရှုစဉ် နိုဝင်ဘာ ၂၈ ရက်နေ့က တွေ့ခဲ့ရခြင်း ဖြစ်သည်။

၎င်းစက်ကြီးများဖြင့် ရွှေတူးဖော်သူများသည် ဒေသခံအချို့၏ အခင်းများတွင် ကျူးကျော်မှုများရှိနေကြောင်းနှင့် ဒေသခံများက အခြေအနေအရ စိုက်ခင်းများကို ရောင်းချလိုက်ရကြောင်း အခင်းပိုင်ရှင်တစ်ဦးဖြစ်သူ ဒေါ်ဂျာရမ်က မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

“အဘွားတို့က ဘာလို့ သူတို့ကို တူးခိုင်းရမှာလဲ။ သူတို့ဘာသာသူတို့ ဘယ်သူ့ခွင့်ပြုချက်နဲ့ လာတူးတာလဲ မသိဘူး။ သူတို့ တူးပြီးမှ အဘွားတို့ သိရတာ”ဟု ဒေါ်ဂျာရမ်က ပြောသည်။

ထိုသို့ အခင်းနေရာကျူးကျော်၍ တူးဖော်နေခြင်းကို မသိရှိရကြောင်းနှင့် အများပြောစကားဖြင့် ကြားသိ၍ သွားရောက် ကြည့်ရှုခဲ့ရာ ၎င်း၏ အခင်းမြေနေရာပါရှိနေသဖြင့် လုပ်ငန်းရှင်များထံ ရောင်းချလိုက်ကြောင်းဒေသခံဦးတန်ဂွန်းက ပြောသည်။

“အစကမသိဘူး။ သူများပြောမှ သွားကြည့်လိုက်တော့ ဘက်ဖောနဲ့ တူးစားနေကြပြီကော။ ဘယ်လိုကနေ ဘယ်လိုဝင်လာတာလဲ မသိဘူး။ တူးလိုက်ပြီမို့လို့ လျော်ကြေးတောင်းရင်လည်း ဟိုရက်ချိန်း ဒီရက်ချိန်းနဲ့။ နောက်ဆုံး မထူးဇာတ်ခင်းပြီး ရောင်းလိုက်ရပြီ” ဟု ဦးတန်ဂွန်းက ပြောသည်။

ယခင်က စက်ကြီးများဖြင့် မဟုတ်ဘဲ တစ်နိုင်တစ်ပိုင် တူးဖော်စဉ်ကပင် ရွှေတူးဖော်ရာ၌ အသုံးပြုသည့် ပြဒါးနှင့် ဆာယာနိုက်များကြောင့် လူနှင့် တိရစ္ဆာန်များကို ထိခိုက်ခြင်း၊ မြစ်၊ ချောင်း၊ လမ်း ပျက်စီးခြင်း၊ အဖိုးတန်သစ်ပင်များ ဆုံးရှုံးကာ ကမ်းပါးများ ပြိုကျခြင်း၊ တောရိုင်းတိရစ္ဆာန်များ သေကျေပျက်စီးခြင်း ကဲ့သို့သော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ ကြုံတွေ့ခဲ့ရသည်ဖြစ်ရာ ယခုကဲ့သို့ စက်ကြီးများဖြင့် တူးဖော်ပါက ထိခိုက်နစ်နာမှုများ ပိုမိုဖြစ်ပွားလာနိုင်သည်ဟု KDNG မှ အတွင်းရေးမှူး ဦးစားဂျီက သုံးသပ်ပြောကြားသည်။

“အရင်က စက်ထောင်နဲ့ပဲ တူးစားတာတောင် အူဗျစ်၊ အာလမ်၊ စီတာပူတစ်ဝိုက်က မြစ်ကမ်းပါးတွေပြိုသွားတယ်။ အဲ့ဒါက ရွှေတူးတာရဲ့ တိုက်ရိုက်အကျိုးသက်ရောက်မှုတွေပေါ့။ စက်ကြီးနဲ့ဆိုရင်တော့ နောက်လာမယ့်အချိန်တွေမှာ ကိုယ့်နေရာဒေသလှပသာယာမှုကို ဖျက်ဆီးသလိုဖြစ်လာနိုင်တယ်”ဟု ဦးစားဂျီက ပြောသည်။

မိမိ ကိုယ်ကျိုးကြည့်ပြီး ရွှေတူးဖော်မှုများကို ဆက်လက်လုပ်ဆောင်ပါက လူအများ မှီတင်းနေထိုင်နေသော ဧရာဝတီမြစ်ကြီးကို ဖျက်ဆီးရာ ရောက်နိုင်သည့်အတွက် ဝိသမစီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် အများပြည်သူအကျိုးကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်ဟုလည်း ဦးစားဂျီက ပြောသည်။

“ဘယ်အစိုးရပဲ ဖြစ်ဖြစ်၊ ဘယ် လက်နက်ကိုင် အဖွဲ့အစည်းတွေပဲ ဖြစ်ဖြစ် လူအများ မှီတင်းနေထိုင်နေတဲ့ အရင်ကကမ္ဘာမှာ အသန့်ဆုံးစာရင်းဝင်ခဲ့တဲ့ မြစ်ချောင်းကို ဒီနေ့ ဖျက်လိုဖျက်ဆီး လုပ်တာကတော့ မကောင်းဘူး။ မေခ၊ မလိခ ပေါင်းဆုံတဲ့ ဧရာဝတီမြစ်က အရမ်းအရေးပါတယ်” ဟု ဦးစားဂျီက ပြောသည်။

မြစ်ဆုံအထက်ပိုင်း မဇွပ်၊ ခါဘာကျေးရွာရှိ ဒေသခံများသည် မြစ်ဆုံစီမံကိန်းကြောင့် လက်ရှိချိန်တွင် အောင်မြင်သာစံပြကျေးရွာ၌ ပြောင်းရွှေ့နေထိုင်နေကြရပြီး ဒေသခံအချို့မှာ မူလနေရာဖြစ်သော ခါဘာကျေးရွာတွင် စိုက်ခင်းများ ပြန်လည် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ဒေသခံများက မြစ်ဆုံအထက် မေခမြစ်ဘက်ခြမ်းတွင် ၂၀၀၃၊ ၂၀၀၄ ခုနှစ်ခန့်မှ စပြီး တစ်နိုင်တစ်ပိုင်တူးဖော် လုပ်ကိုင်ခဲ့ကြရာ၊ ထိုစဉ်က စက်ကြီးများဖြင့် လာရောက်တူးဖော်မှု ရှိခဲ့သော်လည်း ကာလအတန်ကြာ ရပ်ဆိုင်းထားခဲ့ရာမှ ယခုနှစ် ဩဂုတ်လခန့်တွင် ပြန်လည်ဝင်ရောက်လာခြင်း ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

မျိုးမြတ်မြတ်ပန်

Ding Ding
Educational wooden toys shop
ကလေးသင်ထောက်ကူပစ္စည်းအမျိုးမျိုးလက်လီလက်ကားဖြန့်ချီရေး
Visit us on Facebook
Facebook: Ding Ding

➤ ၁.၁၂.၂၀၁၈ မှ ၁၇.၁၂.၂၀၁၈ အတွင်း (၁၅၀၀၀) အထက်ဝယ်ယူသူတိုင်း wooden toys လေးများကို ဗလာမပါ အခုဝယ်ခုနှိုက် ခုပေါက် စနစ်နှင့်(၂၅၀၀၀) အထက်ဝယ်ယူသူတိုင်းကို(၁၈၀၀၀၀) တန် ကစားစရာ တွဲလျက် လျှောစင်လေး (၁) ခုကို ၂၈-၁၂-၂၀၁၈ နေ့တွင် Live လွှင့်မဲဖောက်ပေးသွားမည်။
➤ ရပ်ဝေး၊ ရပ်နီး အိမ်တိုင်ရာရောက် ပို့ဆောင်ပေးခြင်း။
ပေါက်မဲ (၁၈၀၀၀၀) တန်

ဆက်သွယ်ရန် - အထက (၁)လမ်း၊ KBZ (2) ဘဏ်မျက်နှာချင်းဆိုင်၊ ရေရပ်ကွက်၊ မြစ်ကြီးနားမြို့။ ဖုန်း -၀၉၇၇၆၅၄၀၀၄၄၊ ၀၉-၄၅၅၅၅၁၈၁၆

မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဟိုပင် ⇄ မိုးညှင်း ⇄ ရန်ကုန်
ဂိုဏ်းဇောအကယ်ဒမီ

မြစ်ကြီးနားမှ နံနက် ၁၀:၀၀ | ရန်ကုန်မှ နံနက် ၁၀:၀၀
မြစ်ကြီးနားမှ ညနေ ၃:၀၀ | ရန်ကုန်မှ ညနေ ၄:၀၀
နေ့စဉ်ပုံမှန် ၂ ကြိမ် ပြေးဆွဲပေးနေပါသည်
မြစ်ကြီးနားမြို့တွင်း ခရီးသည်ကြိုပို့နှင့် တန်ဆာပစ္စည်းအရောက်ပို့ စနစ်ဖြင့် ဝန်ဆောင်မှုပေးနေပါသည်
ဆက်သွယ်ရန် - ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ဖျားဧရာ အဝေးပြေးယာဉ်ရပ်နားစခန်း၊ အခန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့
မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဟိုပင် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493
လက်မှတ်အရောင်းဆိုင်နှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇)၊ မင်းရပ်ရပ်ကွက်၊ ဘူတာကြီးရှေ့၊ မြစ်ကြီးနား
Ph: 09-404895206, 09-404895207
VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။

# ဒဏ်ငွေငါးသိန်းမပေးဆောင်နိုင်လျှင် နောက်ထပ်ထောင်ဒဏ် (၆) လကျခံရမည်ဟု တရားရုံးအမိန့်ချမှတ်၊ ဒဏ်ငွေငါးသိန်းကို မပေးဆောင်ဘဲ အယူခံဝင်သွားမည်ဟု ဆန္ဒပြအဖွဲ့ ဦးဆောင်သူ သုံးဦး၏ အကျိုးဆောင်ရှေ့နေပြော

ဒီဇင်ဘာ ၈

ဆန္ဒပြရာတွင် ဦးဆောင်ခဲ့သူသုံးဦးကို မြစ်ကြီးနားမြို့နယ် တရားရုံးက အမိန့်ချမှတ်ခဲ့သည့် ဒဏ်ငွေကျပ် ငါးသိန်းကို ပေးဆောင် ခြင်းမပြုသေးဘဲ အထက်တရားရုံး အဆင့်ဆင့်ထိ အယူခံဝင်သွားမည်ဖြစ်ကြောင်း အကျိုးဆောင် ရှေ့နေ ဒေါ်ဒွဲဘူက ပြောသည်။

ယခုနှစ် ဧပြီလကုန်ပိုင်းက တနိုင်းနှင့်ကာမိုင်းဒေသတွင် တိုက်ပွဲများအကြား ပိတ်မိနေခဲ့သည့် စစ်ရှောင်ပြည်သူများကို အမြန်ဆုံး ကယ်ထုတ်ရေးအတွက် ဆန္ဒဖော်ထုတ်သူများကို ဦးဆောင်ခဲ့သော ကိုဇော်ဂျတ်၊ ကိုလွမ်းဇောင်းနှင့် ဒေါ်နန်ပူတို့က မြန်မာ့တပ်မတော်ကို အသရေဖျက်သည်ဟုဆိုကာ ဒီဇင်ဘာလ ၇ ရက်နေ့တွင် အလုပ်မဲ့ ထောင်ဒဏ် ၆ လနှင့် ငွေဒဏ် ငါးသိန်းစီ အမိန့်ချမှတ်ခဲ့သည့်အပေါ် တရားလွှတ်တော်ရှေ့နေ ဒေါ်ဒွဲဘူက ပြောဆိုခြင်းဖြစ်သည်။

"အမိန့် ချမှတ်ပြီးပြီးချင်းမှာပဲ ကျွန်မတို့ အနေနဲ့ စီရင်ချက်မိတ္တူကို ကူးယူပြီးပါပြီ။ လိုအပ်တဲ့စာရွက်စာတမ်း ဆောင်ရွက်ပြီးပါပြီ။ ရုံးဖွင့်တဲ့အခါ အထက်တရားရုံး အဆင့်ဆင့်ကို ပေးထားတဲ့ အခွင့်အရေးအားလုံးကို အသုံးပြုပြီး ဥပဒေနဲ့အညီဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခု ဒဏ်ငွေငါးသိန်းကိုလည်း မဆောင်သေးပါဘူး။ ဘာကြောင့်လဲဆိုရင် ကျွန်မတို့က အပြစ်မရှိဘူးလို့ ခံယူတဲ့အတွက် အထက်တရားရုံး အဆင့်ဆင့်ကို တက်သွားမှာပါ"ဟု ၎င်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

၎င်းတို့သုံးဦးကို ထောင်ဒဏ်ခြောက်လနှင့် ငွေဒဏ် ငါးသိန်းစီ ပြစ်ဒဏ်ချမှတ်ခဲ့ပြီး ဒဏ်ငွေမဆောင်ပါက နောက်ထပ် ထောင်ဒဏ် ခြောက်လကျခံရန် အမိန့်ချမှတ်ထားသည်ဖြစ်၍ ယင်းစီရင်ချက်က တရားမျှတမှုမရှိဟု ပြစ်ဒဏ်ချမှတ်ခံရသူများက သုံးသပ်ခဲ့သည်။

ပြည်သူများကို ကူညီရန် အစိုးရကို တောင်းဆိုခဲ့သူများအပေါ် ချမှတ်လိုက်သည့် ယင်းအမိန့်က မြန်မာနိုင်ငံ၏ စိုးရိမ်ဖွယ် တရားစီရင်ရေးမဏ္ဍိုင်ကို အများမြင်အောင် လှစ်ဟပြလိုက်ခြင်းဖြစ်သည်ဟုပြစ်ဒဏ်ချမှတ်ခံရအပြီး ကိုလွမ်းဇောင်းက ပြောဆိုသွားသည်။

"သက်သေအထောက်အထား အခိုင်အလုံလည်း မပြနိုင်ဘူး။ ကျွန်တော်တို့ ကိုယ်တိုင်ထုချေတဲ့အခါမှာ သက်သေအထောက်အထားအားလုံး ပြတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကို ယနေ့ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကယ်တင်တဲ့ အတွက်ကြောင့်မို့ ယနေ့ ကျွန်တော်တို့ကို အလုပ်မဲ့ထောင်ဒဏ် ၆ လနဲ့ ဒဏ်ငွေ ၅ သိန်း၊ အကယ်၍ ဒဏ်ငွေ မဆောင်ဘူးဆိုရင် နောက်ထပ် ထောင်ဒဏ် ၆ လ စုစုပေါင်း တစ်နှစ် ချမှတ်လိုက်ပါတယ်။ ဆိုတော့ ဒီအရာကို ကြည့်ခြင်းအားဖြင့် ယနေ့ မြန်မာပြည်ရဲ့ တရားစီရင်ရေးစနစ်ဟာ ဘယ်လောက်ထိ စိုးရိမ်စရာကောင်းနေပြီလဲ ဆိုတာ မိဘပြည်သူတွေသိရှိပြီဖြစ်ပါတယ်။ ဒါကြောင့်မို့ တရားစီရင်ရေးစနစ်မှာ ဘယ်လောက်အတိုင်းအတာတစ်ခုထိ ပြည်သူတွေရဲ့ တရားမျှတမှုကို ဖော်ဆောင်ပေးမလဲဆိုတာကတော့ ကျွန်တော်တို့အတွက် အင်မတန်မှဝမ်းနည်းဖွယ်ရာ စိုးရိမ်စရာဖြစ်နေပြီဆိုတာကို မိဘပြည်သူအားလုံးကို ပြောကြားလိုပါတယ်"ဟု ကိုလွမ်းဇောင်းက ပြောသည်။

၎င်းတို့ တရားရင်ဆိုင်စဉ်ကလည်း တိုက်ပွဲအတွင်း အမှန်တကယ် ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို သက်သေအဖြစ် တင်သွင်းခဲ့ပါလျက် အပြစ်ရှိသည်ဟု ဆုံးဖြတ်ချက်ချလိုက်ခြင်းမှာမြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှုမရှိကြောင်းသက်သေပြနေခြင်းဖြစ်သည်ဟု ဒေါ်နန်ပူကလည်း ပြောသည်။

"ထိခိုက်ဒဏ်ရာရပြီး ချိုင်းထောက်နဲ့လာတဲ့ လူတွေနဲ့ သက်သေအထောက်အထား အခိုင်အမာနဲ့ တရားရုံးတော်မှာတရားရင်ဆိုင်ခဲ့တယ်။ ကျွန်မတို့ကိုပြစ်ဒဏ်ပေးတာကိုကြုံတွေ့ရတဲ့အခါမှာ မြန်မာနိုင်ငံက ဒီမိုကရေစီအစိုးရဖြစ်တဲ့ ပြောင်းလဲချိန်တန်ပြီ ဆိုပြီး တက်လာတဲ့အစိုးရက ကျွန်မတို့ကို ဒီလို မတရားဆုံးဖြတ်ချက်ချတာဆိုလို့ရှိရင် တရားဥပဒေစိုးမိုးမှုရှိမနေဘူး ဆိုတာကို အခိုင်အမာပြနေတယ်ဆိုတာကိုတော့ ပြောချင်ပါတယ်" ဟု ဒေါ်နန်ပူက ပြောသည်။

ချမှတ်ခဲ့သည့် ပြစ်ဒဏ်သည်အင်မတန်ပြင်းထန်သည့် တရားစီရင်ရေးဖြစ်ပြီး အလွန်မြင့်မားလွန်းသည့် ပြစ်ဒဏ်ဟု ယူဆမိကြောင်းလည်း ရှေ့နေလုပ်သက် ၃၀ ခန့်ရှိသူ ဦးလှမင်းက သုံးသပ်ပြောဆိုသည်။

"ဒီလိုတရားစီရင်ရေးဟာ လူသားတစ်ယောက်ရဲ့ဘဝကို ဆုံးဖြတ်တဲ့အတွက် အင်မတန်မှ ဆင်ခြင်ဉာဏ် အသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ်မျိုးတွေကို ခန့်အပ်သင့်တယ်လို့ ကျွန်တော်ယူဆပါတယ်။ တရားစီရင်ရေးကို ယနေ့ ဒီမိုကရေစီရဲ့အရွေ့မှာ ဘယ်သူမှ လွှမ်းမိုးမှုမရှိဘူးဆိုတာ တရားစီရင်ရေးက အကောင်အထည်ဖော်ပြရလိမ့်မယ်"ဟု ဦးလှမင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ထိုသို့ တရားစီရင်မှုအပြီးတွင် ၎င်းတို့ကို လာရောက်ဝန်းရံသည့် ပြည်သူများက မကျေမနပ်ဖြစ်ကာ တရားရုံးရှေ့၌ ဆိုင်းဘုတ်ထောင်ဆန္ဒပြခဲ့ကြပြီး တရားရုံးမှ မနော်ကွင်းအထိ ဆိုင်းဘုတ်ကိုင်လမ်းလျှောက်ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

မနော်ကွင်းသို့ ရောက်သည့်အခါသတင်းမီဒီယာများ၊ ပြည်သူလူထုများနှင့် တွေ့ဆုံကာ ရှေ့ဆက်မည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

တိုက်ပွဲများကြောင့် တိမ်းရှောင်ရင်း တောထဲတွင် ပိတ်မိခဲ့သည့် စစ်ရှောင်ပြည်သူများ လွတ်မြောက်ရန် ထိုသုံးဦးမှ လူသားချင်း စာနာထောက်ထားကာ ဦးဆောင်ကြိုးစားခဲ့ကြသည်ကို ယခုကဲ့သို့ စီရင်ချက်ချခြင်းသည် လွတ်လပ်စွာပြောရေးဆိုခွင့်ကို တားဆီးပိတ်ပင်ခြင်းသာဖြစ်သည်ဟုလည်း ကိုစားဂျီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

"အင်မတန်မှ စိတ်ပျက်မိတယ်။ အင်မတန်မှ ဝမ်းနည်းမိတယ်။ မြန်မာနိုင်ငံရဲ့ တရားစီရင်ရေး ကချင်ပြည်နယ်ရဲ့ တရားသူကြီးဆိုတာ ဘာတစ်ခုမှလွတ်လပ်စွာ အာဏာကျင့်သုံးပိုင်ခွင့်မရှိဘူးဆိုတာသိရှိရတယ်။ တပ်မတော်ကို အကြည်ညိုပျက်စေတဲ့အမှုနဲ့ မတရားဖမ်းဆီးပြီးမှ ထောင်ဒဏ်ချတယ်။ ငွေဒဏ် ပြစ်ဒဏ်လုပ်တယ်ဆိုတာ အင်မတန်မှ မြန်မာနိုင်ငံရဲ့ တရားစီရင်ရေးဟာ တရားဥပဒေစိုးမိုးရေး လုံးဝမရှိဘူးဆိုတာသိရတယ်" ဟု ပြောသည်။

ယခုကဲ့သို့ မတရားမှုများကို တွန်းလှန်ကာ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွင် အားလုံး ရဲရဲဝံ့ဝံ့လုပ်ဆောင်သွားရန် မြန်မာနိုင်ငံသူ/သား၊ ကချင်ပြည်နယ်သူ/သားများ အားလုံး၏ တာဝန်ဖြစ်သည်ဟုလည်း ကိုစားဂျီက ထပ်မံပြောဆိုသည်။

၎င်းတို့ ၃ ဦးသည် အမှုရင်ဆိုင်သည့်ကာလတွင် အာမခံဖြင့် အမှုရင်ဆိုင်နေခြင်းဖြစ်သည့်အတွက် ထောင်ဒဏ် ၆ လ ပြစ်ဒဏ်ရက်ကို ဒီဇင်ဘာလ ၇ ရက်နေ့မှ စတင် ရေတွက်မည်ဖြစ်သည်။

အသရေဖျက်မှုပုဒ်မ-၅၀၀ ဖြင့် ၎င်းတို့သုံးဦးကို တရားစွဲဆိုခဲ့သည့် တရားလိုမှာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုဗိုလ်မှူးကြီးမျိုးမင်းဦးဆိုသူ ဖြစ်ပြီး ဆန္ဒထုတ်ဖော်စဉ်က ပြောဆိုမှုများတွင် တပ်မတော်၏ဂုဏ်သိက္ခာ ထိခိုက်ခဲ့သည်ဟုဆိုကာ တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ ထိုတရားစွဲဆိုမှုသည် တပ်မတော်အဖွဲ့ အနေဖြင့် တရားစွဲဆိုခြင်းမဟုတ်ဘဲ တပ်မတော်သားတစ်ဦးအနေဖြင့် တရားစွဲဆိုထားခြင်း ဖြစ်သည်ဟုလည်း သိရသည်။

ကိုဇော်ဂျတ်နှင့် ဒေါ်နန်ပူကိုတရားစွဲဆိုခြင်းမှာ မေလ ၁ ရက်နေ့တွင် မနော်ကွင်း၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုခဲ့သည့် ပြောဆိုချက်များကြောင့် ဖြစ်ပြီး ကိုလွမ်းဇောင်းကိုမူ ဆန္ဒထုတ်ဖော်ချိန်တွင် ပြောဆိုမှုများကြောင့် စွဲဆိုခြင်းဖြစ်သည် ဟုလည်း သိရသည်။

Salai





**မြစ်ကြီးနားသတင်းဂျာနယ်**

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
အောင်မျိုးဦး

**စာပြင်**
မြတ်သွေးထက်

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊

**အငယ်တန်းသတင်းထောက်**
PH ဘရန်ဂျာ၊ Ah Je (လပတ်)၊ မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)၊ ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# နိုင်ငံတော်ဒုတိယသမ္မတ(၂) ဦးဟင်နရီဗန်ထီးယူ ကချင်ပြည်နယ်ခရီးစဉ်တွင် ပြန်လည် စွန့်လွှတ်မြေ ဧက ၁၀၀ ကျော်ပေးအပ်

မြစ်ကြီးနား၊ ဒီဇင်ဘာ ၇

လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်သိမ်းဆည်းခံရမှုများ ပြန်လည်စစ်ဆေးရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဒုတိယသမ္မတ(၂)ဦးဟင်နရီဗန်ထီးယူသည် ကချင်ပြည်နယ်သို့ ရောက်ရှိလာပြီး ပြည်နယ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်မြေများကို ပြန်လည်ပေးအပ်ခဲ့သည်။

ဒုတိယသမ္မတနှင့် ဦးဆောင်အဖွဲ့သည် ဗန်းမော်မြို့နယ်အတွင်း ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာဧက (၁၀၀)ကို မူလတောင်သူ (၁၆) ဦးထံသို့လည်းကောင်း၊ မိုးမောက်မြို့နယ်အတွင်း အမြောက်တပ်ရင်းမှ စွန့်လွှတ်သည့်မြေ(၁၆ ဒသမ ၅၁)ဧကကို မူလတောင်သူ ၅ ဦး ထံသို့လည်းကောင်း၊ ဒေါ့ဖုန်းယန်မြို့နယ်အတွင်းတပ်ရင်း(၆)ရင်းမှ စွန့်လွှတ်မြေစုစုပေါင်း (၂၈၀ ဒသမ ၂၁)ဧကကိုမူလတောင်သူ(၄၀)ဦးထံသို့လည်းကောင်း၊ မံစီမြို့နယ်အတွင်း တပ်ရင်း(၁)ရင်းမှ စွန့်လွှတ်မြေ (၇၂ ဒသမ ၈၀)ဧကကို တောင်သူ (၂၃)ဦး ထံသို့လည်းကောင်း ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃)နှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)များ ပေးအပ်ခဲ့သည်။ ဆက်လက်ပြီး မိုးညှင်းမြို့နယ်အတွင်း ကာကွယ်ရေဝန်ကြီးဌာန၊ တပ်ရင်း(၂)ရင်းမှ စွန့်လွှတ်သည့် မြေဧရိယာ (၁၁၄ ဒသမ ၂၃) ဧကကို မူလတောင်သူ(၁၅)ဦးထံသို့ လည်းကောင်း၊ မိုးကောင်းမြို့နယ်အတွင်း တပ်ရင်း(၄)ရင်းမှ စွန့်လွှတ်သည့် မြေဧရိယာ(၈၁ ဒသမ ၈၆)ဧကကို မူလတောင်သူ(၁၀)ဦးထံသို့ လည်းကောင်း၊ ဖားကန့်(ကာမိုင်း)မြို့နယ်အတွင်း တပ်ရင်းတပ်ဖွဲ့များမှ စွန့်လွှတ်သည့် မြေဧရိယာ (၁၃၇ ဒသမ ၄၈)ဧကကို မူလတောင်သူ (၁၄) ဦးထံသို့ လည်းကောင်း၊ စုစုပေါင်းစွန့်လွှတ်မြေ (၃၃၃ ဒသမ ၅၇) ဧကကို မူလတောင်သူ(၃၉)ဦး ထံကိုလည်းလွှဲပြောင်းပေးအပ်ခဲ့သည်။



မြစ်ကြီးနားခရိုင် အတွင်းတွင်လည်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်မြေ (၁၁၀ ဒသမ ၅၂) ဧကကို မူလပိုင်ရှင် ၂၅ ထံသို့လည်း လယ်ယာလုပ်ကိုင်ခွင့် ပြုခဲ့သည်။

ထို့နောက် နိုင်ငံတော်ဒုသမ္မတသည် ကချင်ပြည်နယ်အတွင်း သိမ်းဆည်းခံမြေများနှင့်ပတ်သက်ပြီး ဆက်လက်ပံ့ပိုးကူညီပေးသွားမည် ဖြစ်ကြောင်းလည်း ထပ်ဆင့်ပြောကြားခဲ့သည်။

ဒုတိယသမ္မတ ခရီးစဉ်အတွင်း အခမ်းအနားပြုလုပ်နေရာနှင့် တည်းခိုသည့်ဟိုတယ်၏ ရှေ့တွင် တိုင်ကြားစာများကို လက်ခံခဲ့သော်လည်း ကြိုတင်အသိပေးခြင်း မရှိသောကြောင့် တိုင်ကြားသူနှစ်ဦးခန့်သာ ရှိခဲ့သည်။

စည်သူ(မြစ်ကြီးနား)

# ကချင်ပြည်နယ်တွင် အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူ နှစ်ထောင်ခန့်ရှိ




မြစ်ကြီးနား၊ ဒီဇင်ဘာ ၄

၂၀၁၇ ခုနှစ်စာရင်းများအရ ကချင်ပြည်နယ်တွင် HIV ပိုး ကူးစက်ခံရသူဦးရေ နှစ်ထောင်နီးပါးခန့်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ်အတွင်း HIV ပိုး ကူးစက်ခံရသူဦးရေ ၁၁၀၀၀ ကျော်ရှိပြီး ကချင်ပြည်နယ်တွင် တစ်နိုင်ငံလုံး၏ ၁၈ ရာခိုင်နှုန်း (၁၉၈၀ ဦး) ရှိနေကြောင်း ခုခံအားကျ/ ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်(နေပြည်တော်)မှ စီမံချက် မန်နေဂျာ ဒေါက်တာ ထွန်းညွန့်ဦးက ပြောသည်။

ဒီဇင်ဘာလ ၄ ရက်နေ့က မြစ်ကြီးနား မြို့တော်ခန်းမတွင် ကျင်းပခဲ့သော ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်ပြီး ယင်းအခမ်းအနားတွင် အမေရိကန်သံအမတ်နှင့် ဗြိတိန်သံအမတ်တို့ တက်ရောက်ခဲ့ကြသည်။

ထိုအခမ်းအနားတွင် ကုလသမဂ္ဂ UNAIDS မှ Country Director, Mr Oussama Tawil က UNAIDS သဝဏ်လွှာကို ဖတ်ကြားခဲ့ပြီး အမေရိကန်သံအမတ်နှင့် ဗြိတိန်သံအမတ်တို့ကလည်း ကချင်ပြည်နယ်အတွင်း ကျန်းမာရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော HIV ကာကွယ်ရေး လုပ်ငန်းများနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်လျှော့ချရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြသွားသည်။

အမေရိကန် သံ အမတ်၏ ပြောကြားချက်တွင် အသစ်တွေ့ရှိထားသည့် ဆန်းစစ်ချက်များအရ ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် HIV/ AIDS ပိုး ကူးစက်မှုအသစ် ၉၀ ရာခိုင်နှုန်းအထိရှိသော နိုင်ငံ ၃၅ နိုင်ငံရှိရာ ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံ ပါဝင်နေကြောင်း၊ ၂၀၁၆ ခုနှစ် စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် HIV/ AIDS ပိုးကူးစက်ခံထားရသူ ၂၂၅,၀၀၀ ဝန်းကျင် ရှိနေကြောင်းနှင့် HIV/ AIDS ပိုး ကူးစက်ခံရမှုသည် မူးယစ်ဆေးဝါးအကြောထဲထိုးသွင်းမှုနှင့် ဆက်စပ်နေကြောင်း စသည်တို့ ပါဝင်သည်။

အဆိုပါ အခမ်းအနားတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အဖွင့်အမှာစကား ပြောကြားကာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခုခံအားကျ/ ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်(နေပြည်တော်)မှ စီမံချက်မန်နေဂျာ ဒေါက်တာထွန်းညွန့်ဦးမှ ခုခံအားကျ/ ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက် လုပ်ငန်းများနှင့်ပတ်သက်ပြီး ရှင်းလင်း တင်ပြသွားသည်။

အခမ်းအနားတွင် ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကာတွန်းပြိုင်ပွဲတွင် ဆုရရှိခဲ့သော ကျောင်းသူ၊ ကျောင်းသားများကို ဆုများချီးမြှင့်ခဲ့ပြီး၊ ယင်း အခမ်းအနားတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ်၊ အမေရိကန်သံအမတ်၊ ဗြိတိန်သံအမတ်၊ UNAIDS မှ Country Director တို့အပြင် အရပ်ဘက်အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

Ann

# ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး နှစ်ဖက်လက်နက်ကိုင် အဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်းမှုများ အဆက်မပြတ်လုပ်ဆောင်သွားရန် ဗြိတိန်သံအမတ်နှင့် အမေရိကန်သံအမတ်တို့ တိုက်တွန်း





ဒီဇင်ဘာ ၆

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့သို့ ရောက်ရှိလာခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်နှစ်ဦးစလုံးက ငြိမ်းချမ်းရေးအတွက်နှစ်ဖက်လက်နက်ကိုင်အဖွဲ့အစည်းများ အချင်းချင်း စကားများများ ပြောဆိုဆွေးနွေးသွားကြရန် တိုက်တွန်းခဲ့သည်။

ဒီဇင်ဘာလ ၃ ရက်နေ့မှ စတင်ပြီး ၃ ရက်အကြာ ရောက်ရှိလာသည် ဗြိတိန်သံအမတ် Mr. Dan Chugg နှင့် အမေရိကန်သံအမတ် H.EScotMarciel တို့က ကချင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးရရှိရေးနှင့် စစ်ရှောင်များ နေရပ်ပြန်နိုင်ရေးအတွက် မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့ ထိပ်တိုက်ဆွေးနွေးမှုများ အဆက်မပြတ်ပြုလုပ်သင့်ကြောင်း ပြောဆိုခဲ့ခြင်း ဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ ပါဝင်နေတဲ့ ဘယ်အဖွဲ့အစည်းမဆို သွားရောက် စကားပြောပါတယ်။ သူတိုနဲ့ ကျွန်တော်သွားရောက်ဆွေးနွေးတဲ့ အခါမှာ ဒီလိုမျိုး ပြောဆိုဆက်ဆံတာတွေကို ဘယ်တော့မှ မရပ်ပါနဲ့လို့ ကျွန်တော် ပြောပါတယ်။ တစ်ယောက်နဲ့တစ်ယောက် စကားဆက်ပြောပါ။ ဘယ်လိုအခြေအနေမျိုးပဲ ဖြစ်နေပါစေ စကားကိုဖြစ်အောင် ဆက်ပြောကြပါဆိုပြီး ကျွန်တော်အမြဲ တိုက်တွန်းအားပေးပါတယ်"ဟု ဗြိတိန်သံအမတ် Mr. Dan Chugg က သုံးသပ်ပြောဆိုခဲ့သည်။

အမေရိကန်သံအမတ် H.E Scot Marciel ကလည်း မိမိတို့အနေဖြင့် အစိုးရနှင့်ဖြစ်စေ တပ်မတော်နှင့်ဖြစ်စေ ကေအိုင်အို/အေနှင့် ဖြစ်စေ တွေ့ဆုံသည့်အချိန်တိုင်း တိုက်တွန်းသည်မှာ ငြိမ်းချမ်းရေးလမ်းစဉ်တွင် စိတ်ပျက်စရာနှင့် ကြုံကောင်းကြုံနိုင်သော်လည်း ဖွဲမလျှော့ဘဲ နှစ်ဘက်တွေ့ဆုံညှိနှိုင်းမှုများကို ဆက်လက်လုပ်ဆောင်သွားရန် တိုက်တွန်းခဲ့ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ ပါဝင်ခြင်းအားဖြင့် ၃၀ ရာခိုင်နှုန်း အထောက်အကူဖြစ်ကြောင်း ရှာဖွေတွေ့ရှိထား၍ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်သည့်အခါတွင်လည်း အမျိုးသမီးများကို နေရာပေးပြီး အလေးထားဆောင်ရွက်သင့်ကြောင်း Mr. Dan Chugg က ပြောကြားခဲ့သည်။

အထက်ပါသံအမတ်နှစ်ဦး၏ သုံးရက်တာခရီးစဉ်အတွင်း HIV/AIDS အရေး၊ မူးယစ်ဆေးဝါးအရေး၊ စစ်ရှောင်ပြည်သူများအရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအကြောင်းကို လေ့လာဆွေးနွေးခဲ့ပြီး စစ်ရှောင်များ ကူညီထောက်ပံ့မှုရရှိရေးနှင့် နေရပ်ပြန်နိုင်ရေးအတွက် ယင်းတို့အစိုးရမှ ကူညီထောက်ပံ့ပေးသွားမည်ဟု ကတိပေးပြောကြားခဲ့ပြီး ကူညီထောက်ပံ့ရရှိနိုင်ရန် ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းသွားမည်ဟုလည်း ဆိုသည်။

"မြန်မာနိုင်ငံ အနေအထားနဲ့ ပြောရမယ်ဆိုရင်တော့ အစိုးရရော၊ပြီးတော့တပ်မတော်ရောပေါ့ ပဋိပက္ခတွေကြောင့် နေရပ်စွန့်ခွာသွားရတဲ့ သူတွေကို အကူအညီပေးဖို့ နိုင်ငံတကာ ဥပဒေတွေနဲ့အညီ ခွင့်ပြုချက်တွေ သွားလာခွင့်တွေ ပေးဖို့ လိုအပ်တယ်ဆိုတာကို ကျွန်တော်တို့က ပြောသွားမှာဖြစ်ပါတယ်"ဟု အမေရိကန်သံအမတ်က ပြောသည်။

နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်သူများသည် ငြိမ်းချမ်းရေး မရရှိသေးခြင်းကြောင့် စိုးရိမ်ပူပန်နေရသည့်အပြင် ၎င်းတို့ စွန့်လွှတ် ချန်ထားခဲ့သည့် မြေယာများနှင့် ပတ်သက်သည့် ပူပန်မှုများ ကြုံတွေ့နေရပြီး အထူးသဖြင့် စစ်ရှောင်များပိုင်ဆိုင်သည့် မူရင်းရပ်ရွာမှ မြေများပေါ်တွင် တစ်သျှူးငှက်ပျောများ စိုက်ပျိုးလာခြင်းကြောင့် မြေယာဆုံးရှုံးရမည့် အခြေအနေတစ်ရပ်ကို စစ်ရှောင်များ ရင်ဆိုင်နေရသည်ကို သိခွင့်ရရှိခဲ့သည်ဟုလည်း အမေရိကန်သံအမတ် ထပ်ဆင့်ပြောဆိုသည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ဗြိတိန်အစိုးရမှ Joint Peace Fund (JPF) မှထောက်ပံ့ပေးအပ်ခြင်းများ ပြုလုပ်ပေးလျက်ရှိကာ အမေရိကန်အစိုးရမှလည်း ယခုနှစ်တွင် ဒေါ်လာ သန်းပေါင်း ၁၂၀ ကျော် ထောက်ပံ့ပေးခဲ့သည်ဟု သိရသည်။

အမေရိကန်သံမတ်၏ ကချင်ပြည်နယ် ခရီးစဉ်သည် ငါးကြိမ်မြောက်ဖြစ်၍ ဗြိတိန်သံအမတ်မှာ ပထမဦးဆုံးအကြိမ်အဖြစ် ရောက်ရှိလာခြင်းဖြစ်သည်။

စည်သူ(မြစ်ကြီးနား)





## အယ်ဒီတာ့အာဘော်

### စောင်းနေတဲ့ မဏ္ဍိုင်ကြီးသုံးရပ်ကို တည့်မတ်ပေးမယ့် ငြမ်းစင် အားကောင်းဖို့လို

နိုင်ငံတစ်နိုင်ငံ အောင်မြင်တိုးတက်ဖို့ဆိုရင် အဓိကကျတဲ့ တရားစီရင်ရေး၊ ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးဆိုတဲ့ ဒီမဏ္ဍိုင်ကြီးသုံးရပ်ကို အလေးထားပြီး ပြောဆိုဆောင်ရွက်နေကြတာကို တွေ့နေရပါတယ်။ သို့သော် ဒီမဏ္ဍိုင်ကြီးသုံးရပ်ဟာ ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ တိမ်းစောင်းနေတယ်ဆိုတာကို အားလုံးမငြင်းနိုင်ကြပါဘူး။

ဒီမဏ္ဍိုင်ကြီးသုံးရပ်ကို တည့်မတ်ဖို့တချို့သက်ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ ဌာနဆိုင်ရာအသီးသီးက တတ်နိုင်သလောက် ဝိုင်းဝန်းကြိုးစားနေတာကို တွေ့ရ၊ ကြားရလို့ ကျေနပ်အားရမိပါတယ်။ သို့သော် 'မရောင်ရာဆီလူး' သကဲ့သို့ သက်ရောက်မှု အားနည်းနေတယ် ဆိုတာကိုလည်း အားလုံးသတိမူမိကြမှာပါ။

ဘာ့ကြောင့်ပါလဲ။ တကယ်တော့ ဒီမဏ္ဍိုင်ကြီးသုံးရပ်ကို တည့်မတ်နိုင်အောင် ထောက်ကူပေးနိုင်တဲ့ ငြမ်းစင်လိုအပ်နေလို့ပါ။ အဲ့ဒီငြမ်းစင်ကတော့ တရားဥပဒေစိုးမိုးရေးပဲဖြစ်ပါတယ်။ ငြမ်းစင်လို့ဆိုလိုက်တဲ့ ဒီတရားဥပဒေစိုးမိုးရေးကို အားကောင်းအောင် အဓိကထောက်ပံ့ပေးနိုင်တဲ့ ထောက်တိုင်တွေကတော့ တရားရုံး၊ ရဲဌာနနဲ့ စစ်တပ်တို့ပဲ ဖြစ်ပါတယ်။ ဒီတော့ ဒီ ထောက်တိုင်တွေကို အားကောင်းအောင် နိုင်ငံသားတိုင်း ဝိုင်းဝန်း ထိန်းမတ်ကြဖို့ အင်မတန် အရေးကြီးတယ်ဆိုတာကို သတိချပ်စေချင်ပါတယ်။

တရားရုံးလို့ ဆိုလိုက်ရင် တရားသူကြီးတွေ၊ ရှေ့နေတွေပဲ တာဝန်ရှိတယ်လို့ မမြင်သင့်ပါဘူး။ တရားရုံးမှာရှိတဲ့ တာဝန်ကိုယ်စီ ရာထူးကြီးငယ်လိုက် ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းတွေအားလုံး ပါဝင်တယ်ဆိုတာ မမေ့စေချင်ပါဘူး။ ဒီနေ့ပြည်သူတွေ တရားရုံးတွေအပေါ် အမြင်စောင်းလာကြတာဟာ ဘာ့ကြောင့်ပါလဲ။ စဉ်းစားစရာပါ။ ဒီနေ့ ပြည်သူတွေ လိုအပ်နေတာက တရားရေးဆိုင်ရာ လုပ်ငန်းဆောင်တာ အဝဝကို ဘက်မလိုက်ဘဲ တိကျ၊ မှန်ကန်၊ မြန်ဆန်စွာနဲ့ မိမိကိုယ်ကျိုးတစ်ခုထဲကို မကြည့်ဘဲ ပြည်သူ့အကျိုးကိုရှေ့ရှုပြီး သမာသမတ်ကျကျ လုပ်ဆောင်ပေးမယ့် တရားရေးဝန်ထမ်းတွေကိုပါ။

ရဲဌာနလို့ ဆိုလိုက်ရင်လည်း အထက်မှာဆိုထားတဲ့ တရားရုံးနည်းတူ ရဲနဲ့အရာရှိတွေရဲ့ တာဝန်တွေချည်းပဲ မဟုတ်ပါဘူး။ လက်ရှိနိုင်ငံ တာဝန်ထမ်းဆောင်နေကြတဲ့သူတွေအားလုံး ပါဝင်ပတ်သက်နေပါတယ်။ ဒီနေ့ပြည်သူတွေ ရဲဌာနကို အယုံအကြည်မရှိကြဘူး။ ဒါ ဘာ့ကြောင့်လဲဆိုတာ ပြန်လည်သုံးသပ်ဖို့ လိုနေပါတယ်။ အကျင့်ပျက် ခြစားမှုတွေနဲ့မကင်းတဲ့ ရဲနဲ့ သက်ဆိုင်ရာဝန်ထမ်းတွေကို အမြန်ဆုံးရှာဖွေဖော်ထုတ် ဖယ်ရှားပြီး၊ တကယ့် လူတော်၊ လူကောင်း၊ လူမှန်တွေကို အစားထိုး ခန့်သင့်ပါပြီ။

စစ်တပ်ဟာလည်း တရားရုံးနဲ့ ရဲဌာနတွေလိုပဲ ပြည်သူတွေရဲ့ ယုံကြည်ကိုးစားမှုကို မရဘဲ ရွံ့ကြောက်မှုနဲ့ အထင်အမြင်သေးမှုတွေကိုသာ ရရှိနေကြမယ်ဆိုရင် တိုင်းပြည်အတွက် မတွေးဝံ့စရာဖြစ်သွားပါလိမ့်မယ်။ စစ်တပ်၊ ရဲဌာနနဲ့ တရားရုံးတော်တွေမှာ တာဝန်ထမ်းဆောင်နေကြသူတွေ အားလုံးဟာ တိုင်းတစ်ပါးသားတွေမဟုတ်ဘဲ ပြည်သူတွေထဲက ပေါက်ဖွားလာသူတွေသာ ဖြစ်တဲ့အတွက် ပြည်သူတွေနဲ့ တစ်သားတည်းဖြစ်အောင် နေထိုင်ကျင့်ကြံလုပ်ဆောင်ဖို့ အင်မတန်အရေးကြီးလှပါတယ်။ "လုပ်ဆောင်နေသည့် လုပ်ငန်းနှင့်တာဝန် မတူကြသော်လည်း အားလုံးသည် လူသားမျိုးနွယ်များဖြစ်သည်" ဆိုတဲ့အချက်ကို မမေ့စေချင်ပါဘူး။

ဒီတော့ အမိမြန်မာနိုင်ငံတော်ကြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်ဖို့ ဆိုရင် မဏ္ဍိုင်ကြီးသုံးရပ်ကို တည့်မတ်ပေးဖို့ အဓိကတာဝန်ရှိတဲ့၊ ငြမ်းစင်ရယ်လို့ တင်စားလို့ရတဲ့ တရားဥပဒေစိုးမိုးရေးကို အားကောင်းအောင်လုပ်ရပါမယ်။ တရားဥပဒေစိုးမိုးမှုရှိမှ တိုင်းပြည်အေးချမ်းမယ်၊ တိုင်းပြည်အေးချမ်းမှ ပြည်သူပြည်သားတွေ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဘာသာရေးနဲ့ လူမှုရေး စတဲ့ လုပ်ငန်းကိုင်ငန်းတွေကို အေးချမ်းစွာ လုပ်ဆောင်နိုင်မှာ ဖြစ်တယ်။

လုပ်ငန်းကိုင်ငန်း ကောင်းပြီဆိုရင် အလုပ်လက်မဲ့ ပြဿနာတွေ ပြေလည်မယ်၊ ဆင်းရဲမွဲတေခြင်း စတဲ့ ဒုက္ခတွေကနေ လွတ်ကင်းမယ်၊ အဲ့ဒီနောက် နိုင်ငံကိုအကျိုးပြုနိုင်တဲ့ သားကောင်းရတနာတွေ ပေါ်ထွက်လာပြီး နိုင်ငံတော်ကြီးစည်ပင် ဖွံ့ဖြိုးမှာဖြစ်တယ်ဆိုတာကို နားလည်သဘောပေါက်စေချင်ပါတယ်။

ခိုင်မာကောင်းမွန်တဲ့ တရားဥပဒေ စိုးမိုးရေး ဖြစ်တည်လာအောင်၊ သူ့ကို ထောက်ပံ့ပေးမယ့် ထောက်တိုင်ကြီး သုံးတိုင်ဖြစ်တဲ့ တရားရုံး၊ ရဲဌာနနဲ့စစ်တပ်တို့ရဲ့ အခန်းကဏ္ဍဟာ အင်မတန် အရေးကြီးတယ်ဆိုတာ မြစ်ကြီးနားသတင်းဂျာနယ်က တင်ပြလိုက်ရပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

# ဓလေ့ထုံးစံအရ ၁၈နှစ်အောက်ထိမ်းမြားခြင်းဥပဒေကြမ်းကိုပြ



**မောင်ထူးမိုင်**

ပထမဦးဆုံး ကျွန်တော်တို့ မြန်မာနိုင်ငံအခြေအနေနဲ့ နှိုင်းယှဉ်ပြီးပြောချင်တယ်။ ဒီ မြန်မာနိုင်ငံမှာကျတော့ ၁၈ နှစ် အောက်ဆိုရင် အများအားဖြင့် ကျောင်းမပြီးသေးတဲ့ အရွယ်ပေါ့နော်။ တချို့ဆိုလို့ရှိရင် ဆယ်တန်းအောင်ပြီးခါစ တက္ကသိုလ်တက်မယ်။ ပြောရမယ်ဆိုရင် ကျောင်းသားဘဝပဲ ရှိသေးတောပေ့ါ။ အဲ့ဒီကျတော့ ပညာလည်း မပြီးသေးတဲ့အခါကျတော့ သူတို့အနေနဲ့က ဆန္ဒရှိလို့ ယောကျ်ား၊ မိန်းမ ယူကြတယ်ဆိုပေမယ့် မိသားစုတစ်ခုတည်ဆောက်ဖို့ ဆိုလို့ရှိရင် သူတို့ဆီမှာ ခွန်အားမရှိသေးဘူး။ ဦးမဆောင်နိုင်သေးဘူး။ ဘာလို့ဆို ဒီမြန်မာနိုင်ငံရဲ့ စံနှုန်းအရဆိုရင် လူငယ်က ၁၈ မပြောနဲ့ ၂၀ တောင်မှ အလုပ်လက်မဲ့တွေက အများကြီးရှိသေးတယ်။ အဲဒီအခါကျတော့ ဒီအလုပ်လက်မဲ့တွေကို ဖွင့်ပေးလိုက်မယ်ဆိုင်ရင် ရတော့ရတာပေ့ါ။ ဒါပေမဲ့ သူတို့အနေနဲ့ဆိုရင် အိမ်ထောင်ရေးကို ကောင်းကောင်းဦးဆောင်နိုင်မှာ မဟုတ်တဲ့ အခါကျတော့ အဲ့ဒါလည်း တစ်ချက် စိုးရိမ်ရတယ်။ ပြီးတော့ ၁၈ နှစ် ကျော်ကျော်လေးတွေဆိုလည်း စိတ်ကစားတာလည်း ဖြစ်နိုင်တယ်။ သူတို့ကို ဒီတိုင်း အိမ်ထောင်ပြုခွင့်ပေးလိုက်တယ်ဆိုလို့ရှိရင် တရားဝင်လက်ထပ်ခွင့် ပေးလိုက်တယ်ဆိုရင်. . . ဥပမာသူတို့က ယူကြပြီ နောက် ၂၀ ပဲဖြစ်ဖြစ် ၂၅၊ ၂၆ စသဖြင့် အဲ့ဒီလို အသက်အရွယ်မှာ သူတို့ တကယ်ကြိုက်နှစ်သက်တဲ့ တစ်ယောက်ယောက်များ ထပ်ပေါ်လာလို့ရှိရင် သူတို့က အသက်ငယ်သေးတဲ့အခါကျတော့ စိတ်ကပြောင်းသေးတဲ့ အချိန်ရှိသေးတဲ့ အခါကျတော့ သူတို့ကို တရားဝင်လက်ထပ်ခွင့် ပြုလိုက်တာက ကျွန်တော့်အမြင်အရ အိမ်ထောင်ရေးကို မတည်မငြိမ် ဖြစ်စေတယ်ဆိုတဲ့အပိုင်း တွေ့တယ်။ ပြီးရင် နောက်တစ်ချက်က နိုင်ငံတကာနဲ့ယှဉ်မယ်ဆိုရင် ပေးသင့်တယ်။ သူတို့က အိမ်ထောင်ပြုတာ၊ မပြုတာအပထား ချစ်လို့၊ ကြိုက်လို့ တကယ်ယူတဲ့ အခါကျတော့ သူတို့ကို မယူနဲ့လို့တားလို့မရဘူး။ အဲ့အခါကျတော့ လူ့အခွင့်အရေးအရဆိုရင်တော့ ပေးသင့်တာ မှန်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ကျွန်တော့်အမြင်အရပြောရမယ်ဆိုရင် ဒါက တော်တော်ခက်တယ်။ အိမ်ထောင်ရေးအခြေအနေကလည်း မတည်မငြိမ်အရမ်းရှိလာနိုင်တယ်။ ပြီးရင် စီးပွားရေးမှာလည်း သူတို့က ဦးဆောင်ပြီးလုပ်နိုင်တယ်ဆိုတာက နှုန်းထားအရမ်းနည်းတယ်။ ကျန်းမာရေးပိုင်းရော၊ ပညာရေးပိုင်းရော၊ စီးပွားရေးပိုင်းရော အားလုံးခြုံပြီးပြောရမယ်ဆိုရင် ၁၈ နှစ်အောက်တွေကို လက်ထပ်ခွင့်ပေးလိုက်တာက နိုင်ငံတကာအနေနဲ့ ပေးသင့်တာမှန်ပေမယ့် မြန်မာနိုင်ငံနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ကျွန်တော့်ရဲ့အမြင်က အိမ်ထောင်ရေးကို ပိုပြီးမှ မတည်မငြိမ်ဖြစ်စေတယ်လို့ မြင်ပါတယ်။ ပြီးတော့ သုသေတနပြုချက်အရပေ့ါနော် အခု ၁၈ နှစ်အောက် မြန်မာနိုင်ငံမှာ လက်ထပ်မှုဖြစ်ပွားနေတာက ၁၆ ရာခိုင်နှုန်းပဲ ရှိတယ်။ အဲ့ဒီ ၁၆ရာခိုင်နှုန်းကိုပဲ ကြည့်ပြီးမှ လုပ်မယ်ဆိုရင်လည်း မကောင်းတဲ့ဘက်ကို ပိုပြီးမှ ဖြစ်စေတယ်ပေ့ါ။ ခုနက ပြောသလို အိမ်ထောင်ရေးမတည်ငြိမ်မှုတွေ ဖြစ်လာတာပေ့ါ။

**ဒေါ် G ထွယ်ဆိုင်းမိုင်**

ဒေသဆိုင်ရာညှိနှိုင်းရေးမှူး (Equality Myanmar - Regional Coordinator)



၁၈နှစ်ပြည့်မှ လက်ထပ်ထိမ်းမြားခွင့်ရမယ်လို့ ဥပဒေမှာ ဖော်ပြထားတယ်ပေ့ါနော်၊ အဲ့ဒါကို ပြင်ဆင်လိုက်တဲ့ အချိန်မှာ တည်ဆဲဥပဒေနှင့် ဓလေ့ထုံးတမ်းများတွင်သတ်မှတ်ထားသည့်အတိုင်း ဖြစ်ရမည် ဆိုပြီး ပြန်ပြင်ဆင်လိုက်တယ်ပေ့ါနော်။ ဆိုတော့ ၁၈နှစ်အောက်ကလေးတွေက ထိမ်းမြားလို့ရတယ်ဆိုတဲ့ ဥပဒေဘောင်ရောက်သွားတယ်ပေ့ါနော်။ အဲ့အခါကျတော့ ကျွန်မတို့က ကလေးသူငယ်ဆိုတဲ့ ကိစ္စရပ်ကို အထူးပြုပြီး ထိန်းထားဖို့လိုအပ်တယ်။ ၁၈နှစ်အောက် တွေက ကလေးဖြစ်တယ်ဆိုပြီး အစက ဥပဒေထဲမှာ ဖော်ပြထားပြီးသား၊ ရှိပြီးသားပေ့ါနော်။ အဲ့အခါမှာ ၁၈နှစ်အောက် တွေကို လက်ထပ်ထိမ်းမြားခွင့် ပြုတယ်ဆိုပြီးတော့ပဲ ဒီဟာက ဖြစ်သွားပြီးတော့ ဓလေ့ထုံးတမ်းဥပဒေဆိုပြီ ပြောထားတာကို။ ဓလေ့ထုံးတမ်းဥပဒေအရ အားနည်းချက်တွေ အများကြီးရှိတယ်။ ဓလေ့ထုံးတမ်းဥပဒေဆိုရင် ကျွန်မတို့ မြန်မာနိုင်ငံက လူမျိုးပေါင်းစုံရှိတယ်။ ဓလေ့ထုံးတမ်းတွေ အများကြီးရှိတယ်။ အများစုက ခိုင်ခိုင်မာမာရေးဆွဲတဲ့ ဥပဒေတွေကလည်း နည်းနေသေးတယ်။ ဆိုတော့ ကလေးသူငယ်တွေကို အကာအကွယ်မပေးတဲ့ ဓလေ့ထုံးတမ်းဥပဒေတွေက များတယ်။ ကျွန်မတို့ရဲ့ အဓိကဖြစ်တဲ့ ဒီမြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေက ကလေးသူငယ်တွေကို အထူးကာကွယ်ပေးဖို့ လိုတယ်။ အခုဒီ ပြန်လည်ပြင်ဆင်လိုက်တဲ့ နေရာမှာက ဓလေ့ထုံးတမ်းဥပဒေတွေကိုပေ့ါနော် သွားပြီးအသားပေးလိုက်တဲ့ အခါမှာ ကလေးသူငယ်တွေကို ကာကွယ်ပေးရမယ့်အစား၊ ထိခိုက်ဆုံးရှုံးမှုကို လမ်းဖွင့်ပေးသလို ဖြစ်သွားတယ်။ အဲ့ဒါကြောင့်မို့လို့ ကျွန်မကတော့ ဒီဟာကို လွှတ်တော်ကနေပြန်လည် ပြင်ဆင်စဉ်းစားပေးဖို့ အတွက်ကတော့ လိုအပ်တယ်လို့ ကျွန်မကတော့ အကြံပေးချင်တာပေ့ါ။ ပညာရေး၊ ကျန်းမာရေးအရ အသက်မပြည့်သေးတဲ့ ကလေးတစ်ယောက်က ကိုယ်ဝန်ဆောင်တယ် အိမ်ထောင်ရှင်မတစ်ယောက်ဖြစ်သွားပြီဆိုရင် တာဝန်ကများလာပြီပေ့ါနော်။ ကိုယ့်ရဲ့ သားသမီးကို ကိုယ်ကိုယ်တိုင် မရင့်ကျက်သေးတဲ့၊ မပြည့်စုံသေးတဲ့ သူက ကိုယ့်ရဲ့မွေးလာမယ့် သားသမီးရဲ့ ကိုယ်ဝန်ဆောင်နေတဲ့ အချိန်အတွင်းမှာ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်မှုကို ဘယ်လိုတာဝန်ယူနိုင်မှာလဲပေ့ါနော်။ အဲ့ဒီမှာတင် စပြီးတော့ ကျွန်မတို့ စဉ်းစားစရာတွေ အများကြီးဖြစ်လာပြီ။ နောက်တစ်ချက်က မုဒိမ်းကျင့်တဲ့ ကိစ္စတွေပေ့ါနော် ကလေးသူငယ်ပိုင်းဆိုင်ရာ အားနည်းချက်တွေ အများကြီးဖြစ်ပေါ်စေနိုင်တယ်ပေ့ါ။ ကျန်းမာရေးအရဆိုရင် စိတ်ခံစားမှုကလည်း အရေးကြီးတယ်ပေ့ါနော်။ ပြင်ပဒဏ်ရာ၊ အပြင်ကလူတွေကြည့်လို့ရှိရင်တော့ မြင်မှာမဟုတ်ဘူး။ ဒီ၁၈နှစ်အောက်အမျိုးသမီး/သားဖြစ်ဖြစ် အထူးသဖြင့် အမျိုးသမီးပေ့ါနော် အိမ်ထောင်တွင်းမှာ ဘယ်သူမှမသိဘဲနဲ့ မသိမသာနှိပ်စက်ခံနေရတာကို ဘယ်သူတွေကရော ဖော်ထုတ်ပေးနိုင်မှာလဲပေ့ါနော်။ ဆိုတော့ ကျန်းမာရေးအရစိတ်ပိုင်းဆိုင်ရာအရ ပိုပြီးထိလွယ်ရှလွယ်ဖြစ်သွားမယ်။ ပညာရေးအရဆိုရင်လည်း ကျောင်းတက်မယ့် အခွင့်အလမ်း အရမ်းနည်းသွားမယ်။ စီးပွားရေးအရဆိုရင် ပိုတောင်ဆိုးသေးတယ်. . .။ စီးပွားရှာဖို့ မပြောနဲ့ ပညာရေးတောင် အကုန်မပြီးသေးဘူး။ အဘက်ဘက်ကနေပြီးတော့ အားနည်းလာမယ်လို့ မြင်မိပါတယ်။



**မောင်လိုင်ဇင်ထွန်း(အသက်–၁၈နှစ်)**

အင်္ဂလိပ်စာ–ပထမနှစ် ဂုဏ်ထူးတန်း

ကျွန်တော့်အနေနဲ့ ဒီမြန်မာနိုင်ငံမှာ အသက်၁၈နှစ်အောက်ကို လက်ထပ်ထိမ်းမြားခွင့်ပေးတာကို တားမြစ်ချင်ပါတယ်။ ဘာလို့ဆို ကျွန်တော်တို့ နိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံ ဖြစ်တယ်။ ပညာတတ် လူတန်းစားတွေ အများကြီးလိုသေးတယ်။ ဒီ ၁၈ နှစ်ဆိုတဲ့ အသက်အရွယ်က ကျွန်တော်တို့အတွက် ပညာရေးကို သင်ယူဖို့အကောင်းဆုံးအချိန်ဖြစ်ပါတယ်။ အဲ့ဒီအချိန်မှာ ဒီလက်ထပ်တာတွေကို ဦးစားပေးနေမယ်ဆိုရင် ဒီကျွန်တော်တို့ နိုင်ငံဖွံ့ဖြိုးမှုအတွက် အရမ်းကို နောက်ကျသွားမယ်လို့ထင်ပါတယ်။

# ...ည်သူ့လွှတ်တော် အတည်ပြုလိုက်ခြင်းအပေါ်ပြည်သူများ၏အမြင်



ဒေါက်တာ ဒေါ်ငံနော

ဆရာမကတော့ ကျန်းမာရေးအရဆိုရင်တော့ ပုံမှန်အားဖြင့် အမျိုးသမီးတစ်ယောက်အိမ်ထောင်ပြုဖို့ အကောင်းဆုံး အသက်အရွယ်ကို တစ်ကမ္ဘာလုံးသတ်မှတ်ထားတာကတော့ ၂၆ နှစ် ဆိုပြီး မှတ်သားဖူးတယ်။ ကိုယ်ခန္ဓာကိုယ်အပိုင်း၊ အသိဉာဏ် ပညာပိုင်းအားလုံး အဆင်သင့် ဖြစ်တယ်ပေါ့။ အိမ်ထောင်ပြုလို့ ကလေးမွေးတဲ့အပိုင်းမှာတော့ ၂၀ကျော်မှပဲ သင့်တော်ပါတယ်။ ကိုယ်တိုင်စောင့်ရှောက်ရမယ့်အပိုင်းရှိသလို မွေးလာမယ့် ကလေးကို စောင့်ရှောက်ရမယ်။ အာဟာရဖြည့်တင်းရမယ့် အပိုင်းတွေ ရှိမယ်။ မိခင်အနေနဲ့ကော အိမ်ထောင်ရှင်အမျိုးသမီးအနေနဲ့သိသင့်တဲ့ အချက်(ဆောင်ရန်/ရှောင်ရန်)တွေကို လုံလောက်စွာ မသိခဲ့ရင် ကိုယ်တိုင်ကော ကလေးအတွက်ပါ စိတ်ချလုံခြုံမှုရာနှုန်း နည်းမှာဖြစ်ပါတယ်။ Next Generation အနေနဲ့ ကလေးက ကလေးကို ပြုစုရသလိုဖြစ်နေမှာပေါ့။ သူကိုယ်တိုင်ရော စောင့်ရှောက်ဖို့လိုသလို ကလေးကိုလည်း စောင့်ရှောက်ပေးရတော့မယ်။

အဲဒီအခါကျတော့ ရာနှုန်းပြည့်တော့ စောင့်ရှောက်နိုင်မှာမဟုတ်ဘူးလေ။ ဆိုးကျိုးတွေက အဲ့ဒါတွေရှိမယ်။ အတွေ့အကြုံရှိတဲ့ မိသားစု ပတ်ဝန်းကျင်ကနေ အများကြီး ကူညီပံ့ပိုးမှုလိုပါတယ်။ ပြီးရင် ဆရာမရဲ့ အမြင်အားဖြင့်တော့ အိမ်ထောင်ပြုတယ်ဆိုတာ ကို ဥပဒေပြဋ္ဌာန်းမှုဆိုတဲ့ အချက်ထက် အိမ်ထောင်ပြုမယ် ဆိုရင် ကိုယ်ကိုယ်တိုင်သေသေချာချာ ဆုံးဖြတ်ပြီး ဘယ်သူ့ရဲ့လွှမ်းမိုးမှုမှ မပါဘဲ ရွေးချယ်မယ်ဆိုရင် အကောင်းဆုံးဖြစ်မယ်လို့ မြင်မိပါတယ်။ ပြီးရင် ၁၈ နှစ်အောက်လည်း ဟုတ်တယ်။ ဒါပေမဲ့ အရမ်းကို ဉာဏ်ပညာပြည့်ဝပြီး၊ အတွေ့အကြုံရှိတဲ့သူ၊ ဘေးကနေ အရမ်းပံ့ပိုးတယ်၊ မိသားစုကလည်း သဘောတူကြည်ဖြူတယ် ဆိုရင်တော့ တစ်မျိုးပေါ့လေ။ အိမ်ထောင်ပြုတယ်ဆိုတာ လွယ်လွယ်နဲ့ပြုလို့ မရဘူးလေ။ ကိုယ်ကိုယ်တိုင် ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ဖြစ်ပြီးမှပဲ ပြုတာက အကောင်းဆုံးလို့ ဆရာမကတော့မြင်တာပဲ။

ဒေါ်ခေါ်မာရူ
ဆော့လော်လွှတ်တော်ကိုယ်စားလှယ်

လက်ထပ်ခွင့်ပြုလိုက်တာကတော့ လုံးဝသဘောမကျဘူးပေါ့နော်။ လုံးဝမဖြစ်သင့်သေးဘူးလို့တော့ ထင်တာပဲ။ ဘာလို့ဆို ကျွန်မတို့ နိုင်ငံဖွံ့ဖြိုးမှုကလည်း အရမ်းနည်းသေးတယ်ပေါ့နော်။ အမျိုးမျိုးပေါ့။ အဲ့ဒါကြောင့် ၁၈နှစ်အောက်ကို လက်ထပ်ခွင့်မပြုသင့်တဲ့အကြောင်းကို ပြောချင်တာပေါ့။ လူမှုရေးအရရော၊ ဘာသာရေးအရရော၊ ပြီးတော့ ပညာရေးအရရော ဒီ ၁၈ နှစ် အောက်ကို လက်ထပ်ခွင့်ပေးလိုက်မယ်ဆိုရင် ကျွန်မတို့နိုင်ငံက အရမ်းကြီး ပိုပြီးတော့ အခက်အခဲများစွာ ပြန်ပြီးတော့ ကြုံတွေ့ရနိုင်တယ်လို့ မြင်ပါတယ်။ ဘာဖြစ်လို့လဲဆို ကျွန်မတို့နိုင်ငံက အထူးသဖြင့် ပညာရေးက တောင်ပေါ်ဒေသများတယ်။ တောင်ပေါ်ဒေသတွေနဲ့ တည်ဆောက်ထားတဲ့ နိုင်ငံတစ်ခု ဖြစ်နေတယ် လောလောဆယ်မှာ။ အဲ့ဒါကြောင့် တောင်ပေါ်ဒေသတွေမှာ များသောအားဖြင့် ၇ နှစ်နေမှ ကျောင်းနေရတယ်။ အဲ့ဒီတော့ ၁၇-၁၈လောက်မှ ဆယ်တန်းအောင်တာများတာကို။ အဲဒီအခါကျတော့ ၁၈ နှစ်အောက်ကို လက်ထပ်ခွင့်ပြုလိုက်မယ်ဆိုရင် ပညာရေးမှာလည်း တော်တော်လေး ထိခိုက်နိုင်ပါတယ်။ ပြီးတော့ စီးပွားရေးအရပြောမယ်ဆိုရင်လည်း ၁၈နှစ်အောက်မှာ ဘာစီးပွားရေးမှလည်း မလုပ်တတ်သေးတာ။ မိဘရဲ့ မှီခိုမှုအောက်မှာပဲ ရှိသေးတာဖြစ်တဲ့ အတွက် မဖြစ်သင့်သေးဘူးလို့ မြင်တယ်။ လူမှုရေးအရဆိုရင်လည်း သူဘာမှမလုပ်သေးဘူး၊ နားမလည်သေးဘူး။ အဲ့ဒါကြောင့် လုံးဝကို ခွင့်မပြုသင့်သေးဘူးလို့ထင်တာပေါ့။

Benadeth မေးမြန်းသည်။

# မြန်မာ့တပ်မတော် ထောက်ခံပွဲနှင့် ပြည်ပစွက်ဖက်မှု ဆန့်ကျင်ဆန္ဒဖော်ထုတ်ပွဲ ကျင်းပ

မြစ်ကြီးနား၊ ဒီဇင်ဘာ ၃

ပြည်ပနိုင်ငံများက မြန်မာ့တပ်မတော်အပေါ် နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုများကို အလိုမတူသည့် စစ်မှုထမ်းဟောင်းများက တပ်မတော်ကို ထောက်ခံသည့် ဆန္ဒထုတ်ဖော်ထုတ်ပွဲတစ်ရပ်ကို မြစ်ကြီးနားမြို့တွင် ဒီဇင်ဘာလ ၃ ရက်နေ့က ကျင်းပခဲ့သည်။

စစ်မှုထမ်းဟောင်း၄၀၀ ခန့်သည် ဗီနိုင်းပိုစတာများကိုင်ဆောင်၍ မြစ်ကြီးနားမြို့၊ ပြည်ထောင်စုလမ်းမကြီး နံဘေး၊ စိမ်းမြဇရာပန်းခြံတောင်ဘက် ကပ်လျက် ပလက်ဖောင်းပေါ်တွင် စီတန်းရပ်တန့်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြခြင်း ဖြစ်သည်။

ဆန္ဒ ဖော်ထုတ်သူများက "ပြည်သူကိုချစ်သော၊ ပြည်သူကချစ်သော တပ်မတော် အောင်မြင်ပါစေ၊ ဘက်လိုက်သော ကုလသမဂ္ဂအချက်အလက်ရှာဖွေရေး ကော်မရှင်၏ မမျှတ တစ်ဖက်သတ် အစီရင်ခံစာ တို့လုံးဝလက်မခံ၊ တပ်မတော်အင်အား ချိုးနှိမ်မှုမှန်သမျှ တို့လုံးဝလက်မခံ၊ APHR ၏ ကောက်လုံး အစီရင်ခံစာ အလိုမရှိ အလိုမရှိ၊ တပ်မတော်စွမ်းမှ တိုင်းပြည်အေးချမ်းမည်၊ မြန်မာ့တပ်မတော်ကို အပြည့်အဝထောက်ခံသည်၊ မဆီမဆိုင် နိုင်ငံရေးစွက်ဖက်သော facebook ကို လုံးဝဆန့်ကျင်ရှုတ်ချသည်"ဟူသည့် ဗီနိုင်းပိုစတာများကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြခြင်း ဖြစ်သည်။

လက်ရှိ ရခိုင်ပြည်နယ်မြောက်ပိုင်းဘက်တွင် ဖြစ်ပွားနေသည့် ပြဿနာများကြောင့် ပြည်ပနိုင်ငံများက ပါဝင်ဆောင်ရွက်နေသည့် အပြုအမူများသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးနေသည့်အတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် ယခုဆန္ဒဖော်ထုတ်ပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်း




ဦးဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ အငြိမ်းစားဗိုလ်မှူး ဘရန်ရှောင်က ပြောသည်။

"ဒီနေ့ နိုင်ငံကာကွယ်ရေးမှာ ဆောင်ရွက်နေတဲ့ တပ်မတော်အတွက် ပြည်ပကနေပြီးတော့ အချုပ်အခြာအာဏာထိပါးစော်ကားနေတဲ့ အရာတွေကို လက်မခံနိုင်ဘူး၊ ဒီကနေ့ တပ်မတော်ကို ထောက်ခံတဲ့ အနေနဲ့ ပြင်ပစွက်ဖက်မှုများကို ငြိမ်းချမ်းစွာနဲ့ဆန္ဒထုတ်ဖော်တာဖြစ်တယ်"ဟု ပြောသည်။

၂၀၀၈ အခြေခံဥပဒေအရ တပ်မတော်ကနေပြီး အမျိုးသားနိုင်ငံရေးအားဖြင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဥပဒေနှင့်အညီ လုပ်ဆောင်နေမှုများလည်းရှိသည်ဟု ဗိုလ်မှူးဘရန်ရှောင်က ဆိုသည်။

ထိုသို့ တပ်မတော်ထောက်ခံပွဲ၊ ပြည်ပစွက်ဖက်မှုဆန့်ကျင်ပွဲကို မိုးညှင်းမြို့တွင်လည်း အောက်တိုဘာလ တတိယပတ်တွင် ကျင်းပခဲ့ကြသည်။

မွန်းမွန်းပန်၊ လဖိုင်လု

မြစ်ကြီးနားသတင်းဂျာနယ်
( ဒီဇင်ဘာ ၁၀ ၊ ၂၀၁၈ )

# တိုင်းဘောလုံးဗိုလ်လုပွဲနှင့် ကချင်ပြည်နယ်ဘောလုံးအသင်း

အင်ခိုင်ဘွမ် ရေးသားသည်

တိုင်းဘောလုံးဗိုလ်လုပွဲကို ၁၉၅၀ ကျော်ခုနှစ်များတွင် စတင်ကျင်းပခဲ့သည်။ ရည်ရွယ်ချက်မှာ တိုင်းရင်းသားဘောလုံးသမားများ ညီအစ်ကိုရင်းပမာ ချစ်ခင်ရင်းနှီးမှုရရှိစေရန်နှင့် မီးခဲပြာဖုံးဖြစ်နေသော မြို့နယ်ကျေးရွာများမှ ဘောလုံးသမားကောင်းများ ပေါ်ထွက်လာစေရန်တို့ဖြစ်သည်။ တိုင်းဘောလုံးပြိုင်ပွဲ ကျင်းပလျှင် တိုင်းနှင့်ပြည်နယ်မှ ဘောလုံးသမားများသည် ရန်ကုန်မြို့ အောင်ဆန်း အားကစားကွင်းတွင် အတူတကွ နေထိုင်စားသောက်ကြသည်။ ဗဟာဒူး၊ ထူးဝါး၊ ရောဘတ်၊ ရင်ကျော်၊ ပဲရီထွေး၊ သန်းဖေ၊ မောင်ဖုန်း၊ အောင်မြင့် စသော မြန်မာ့လက်ရွေးစင် ဘောလုံးသမားများ ပေါ်ထွက်လာခဲ့ကြသည်။

၁၉၅၂ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ ရှမ်း၊ တနင်္သာရီ၊ မန္တလေး စသော တိုင်းနှင့်ပြည်နယ်များက ဗိုလ်စွဲခဲ့ကြသည်။ ၁၉၅၇ ခုနှစ်ပြိုင်ပွဲအတွက် မန္တလေး၊ စစ်ကိုင်း၊ ကရင်၊ ဧရာဝတီ၊ ရခိုင်၊ ရှမ်း၊ ကယား၊ တနင်္သာရီ၊ ချင်း၊ ပဲခူး၊ ကချင်၊ မကွေး အသင်းတို့သည် ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ ပြိုင်ပွဲကြီးကိုနိုင်ငံတော်သမ္မတ ကိုယ်စား ကျန်းမာရေးဝန်ကြီး ဒေါက်တာစိန်ဘန်းက အခမ်းအနားဖြင့် သိုက်မြိုက်စွာဖွင့်လှစ်ပေးခဲ့သည်။ ပွဲစဉ်အရ ကချင်ပြည်နယ်အသင်းသည် မကွေးတိုင်းအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားခဲ့ရသည်။ ထိုပွဲတွင် ကချင်ပြည်နယ်အသင်းက မကွေးတိုင်းအသင်းကို ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ကချင်ပြည်နယ်အသင်းသည် ဧရာဝတီတိုင်းအသင်းကို အနိုင်ရရှိခဲ့သော မန္တလေးတိုင်း အသင်းနှင့် ဆက်လက် ယှဉ်ပြိုင်ခဲ့ပြန်သည်။ အနိုင်ရရှိမည့်အသင်းသည်ဗိုလ်လုပွဲတွင်စောင့်ဆိုင်းနေသောတနင်္သာရီအသင်းနှင့် ဗိုလ်လုရမည်ဖြစ်သည်။ ဗိုလ်လုပွဲသို့ တက်ရောက်ရမည်ဖြစ်သောကြောင့် တစ်ဖက်နှင့်တစ်ဖက် အနိုင်မခံအရှုံးမပေးဘဲ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြလေသည်။ မန္တလေးတိုင်းအသင်း ရှေ့တန်း၊ နောက်တန်း ကစားသမားများကို လဲလှယ်ကစားသည်။ "ကချင်ပြည်နယ်အသင်းသည် တွန်းအားတိုက်အားနှင့် ကြံ့ခိုင်မှုပါပြည့်စုံပြီး အပြေးကိုအားကိုး၍ ကစားလေသည်။ ဘောလုံးကို ရှေ့တန်းသို့ ရိုက်တင်ပေးပြီး နောက်ဂိုး သွင်းစေခြင်းဖြင့် ကစားကြလေသည်"ဟု ဆောင်းပါးရှင် ဗဟိုသိမ်းဆောင်းက မှတ်တမ်းတင်ခဲ့သည်။

သို့သော် မန္တလေးတိုင်းအသင်းသည် ယခင်ပွဲများထက် ခြေတက်လာသဖြင့် ကချင်ပြည်နယ်အသင်းကို ၅ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ ဗိုလ်လုပွဲနှင့်လွဲခဲ့သော ကချင်ပြည်နယ်အသင်းသည် ချင်းပြည်နယ် (ချင်းဝိသေသတိုင်း) အသင်းနှင့်တတိယဆုကိုလုကြရတော့သည်။ ချင်းပြည်နယ်အသင်းသည် အလိမ်အဆွဲများကို အသုံးပြု၍ ကချင်ပြည်နယ်ဂိုးရှေ့သို့ဝဲနေသည်။ ထို့နောက် ဘယ်အတွင်းလူ အောင်တင့်က ဂိုးသွင်းလိုက်လေ သည်။ မကြာမီ ကချင်ပြည်နယ်အသင်းမှ ချေပဂိုးပြန်သွင်းသည်။ အလယ်လူချစ်လှိုင်က ဒုတိယဂိုးသွင်းသည်။ ထွန်းကြိုင်က တတိယဂိုးသွင်းသည်။ ထွန်းအောင်ကျော်က စတုတ္ထဂိုးသွင်းသည်။ ချင်းပြည်နယ်အသင်းက ၁ ဂိုးသာ ပြန်သွင်းနိုင်သဖြင့် ကချင်ပြည်နယ်အသင်းက ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့လေသည်။ ထို့ကြောင့် ကချင်ပြည်နယ်ဘောလုံးအသင်းသည် ၁၉၅၇ ခုနှစ်၊ တိုင်းဘောလုံးဗိုလ်လုပွဲကြီးတွင် တတိယဆုကို ဆွတ်ခူးနိုင်ခဲ့သော ဘောလုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့လေတော့သည်။

ရည်ညွှန်း - ၁၉၅၇ ခုနှစ်ထုတ် ပေဖူးလွှာမဂ္ဂဇင်း






MY BAR & RESTAURANT
အဆင့်မြင့်စားသောက်ဆိုင်
Waiter - ကျား - (၅) ဦး ၊ မ - (၁၀) ဦး အလိုရှိသည်။
(စားစရိတ်ငြိမ်း)
ဆက်သွယ်ရန်
အမှတ် (၈၈)၊ နောင်ရာနယ်မြေ၊ စီတာပူတံတားအနီး၊ စီတာပူရပ်ကွက်၊ မြစ်ကြီးနားမြို့
ဖုန်း - ၀၉ - ၂၅၉၀၇၇၀၃၁၊ ၀၉ - ၂၅၇၁၈၈၇၈၈၊ ၀၉ - ၇၇၁၆၆၆၅၉၉၊ ၀၇၄ - ၂၅၂၁၉၈၉၊






တုတ်ထိုး - အမှုဖွင့်လိုက်ပြီ။ အမှုဖွင့်လိုက်ပြီ။
အိုးပေါက် - ဘာအမှုတွေ ဖွင့်လိုက်တာတုန်း။ ဘာသတင်း ထူးလို့တုန်း။

တုတ်ထိုး - တပ်မတော်ကို အသရေပျက်စေမှုနဲ့ လူငယ်သုံးဦးကို ထောင်ဒဏ်ချလိုက်တာဗျ။ အဲ့ဒီကိစ္စအပေါ် တရားမျှတမှုမရှိလို့ဆိုပြီး ထပ်မံဆန္ဒပြတဲ့ ဦးဆောင်လူငယ်သုံးဦးကို အမှုဖွင့်လိုက်တာဗျ။ ကျန်တဲ့သတင်းကတော့ ဆက်ပြီး နားစွင့်ရုံပါပဲ။
အိုးပေါက် - ထောင်ဒဏ် ချလိုက်တဲ့ သူတွေက ဘယ်လောက်တောင် ချလိုက်တာလဲ။

တုတ်ထိုး - ထောင်ဒဏ် ၆လ နဲ့ ဒဏ်ငွေ ငါးသိန်း ချမှတ်ခဲ့တာတဲ့ဗျို့။ အဲဒီအပေါ်မှာ ကျေနပ်မှု မရှိလို့ ကချင်လူထုက မနော်ကွင်းမှာ သတင်းစာရှင်းလင်းပွဲ လုပ်ခဲ့တယ်။
အိုးပေါက် - နောက်ဆက်တွဲ အနေနဲ့ လူမျိုးရေးမုန်းတီးမှုတွေ ဖြစ်ပေါ်လာမှာ စိုးပါတယ်။

တုတ်ထိုး - ဘာဖြစ်လို့လဲ။
အိုးပေါက် - တချို့တွေက အမြင်ကျဉ်းကြတယ်။ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့၊ လူမျိုး တစ်မျိုးနဲ့တစ်မျိုး၊ တိုင်းရင်းသား တစ်မျိုးနဲ့တစ်မျိုး အမြင်တွေ တိမ်းစောင်းပြီး သူမုန်းကိုယ်မုန်း ဖြစ်တတ်လို့။

တုတ်ထိုး - အဲ့ဒါ အသာထားလိုက်တော့ဗျာ။ နောက်တစ်ခု ထူးခြားတဲ့သတင်း ပြောရအောင်။
အိုးပေါက် - ဘာများ ထူးလို့တုန်း။

တုတ်ထိုး - တစ်သျှူးငှက်ပျောစိုက်ပျိုးတာတွေကြောင့် ဒေသခံပြည်သူတွေအကြားအငြင်းပွားတာတွေ ဖြစ်နေရတာနဲ့ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးနော်က လွှတ်တော်မှာမေးမြန်းခဲ့သတဲ့ဗျ။
အိုးပေါက် - ဒါပဲလား။ စစ်ပွဲတွေပြီးအောင်၊ ရပ်အောင် မြန်မြန်လေး လုပ်ကြဖို့ အစီအစဉ်ရှိမရှိ၊ ဆင်းရဲမွဲတေမှု ရပ်အောင် ဘယ်လိုအစီအစဉ်တွေ ဘယ်လောက်အောင်မြင်နေပြီလဲ၊ မြစ်ဆုံစီမံကိန်း ဘယ်တော့မှ မလုပ်တော့ဘူးလား။ ငြိမ်းချမ်းရေးက နီးနေပြီလား ဘာညာ မမေးဘူးလား။

တုတ်ထိုး - မေးတဲ့သူလည်း မေးကြမှာပေါ့ဗျာ။ ငြိမ်းချမ်းရေးအတွက် မေးကြ၊ လုပ်ကိုင်နေကြတာလည်းတွေ့ရရဲ့သားနဲ့ ကတ်သီးကပ်ဖဲ့ ပြောမနေပါနဲ့တော့။ လောလောဆယ် ငှက်ပျောအကြောင်း ပြောရအောင်။
အိုးပေါက် - ပြောဗျာ။ ဒါနဲ့ သူက ဘာလို့ မေးခွန်းထုတ်ရတာလဲဗျ။

တုတ်ထိုး - ပြည်နယ်အစိုးရက တစ်သျှူးငှက်ပျောတွေကို တစ်ဧကမှ စိုက်ပျိုးခွင့်ပြုတာမရှိဘူးလို့ ပြောကြားခဲ့ပေမယ့် အစိုးရက ခွင့်မပြုဘဲ ကချင်ပြည်နယ်က နေရာအနှံ့အပြားမှာ စိုက်ပျိုးနေတာဟာ ဘာကြောင့်လဲဆိုတဲ့ ပြည်သူတွေက မေးလာတဲ့အတွက် လွှတ်တော်မှာ ထပ်မံ မေးခွန်းထုတ်ရတာပါတဲ့ဗျာ။
အိုးပေါက် - မေးခွန်းထုတ်တော့ ဘာဖြေလဲ။

တုတ်ထိုး - ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနဲ့ စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝေလင်းကတော့ဖြေပါတယ်။ စီးပွားရေးနဲ့ပတ်သက်လာပြီဆိုရင် မည်သူမဆိုဘယ်ကုမ္ပဏီအဖွဲ့အစည်းမဆို တရားဝင်လာပြီးဆောင်ရွက်မယ်ဆိုရင် ငါတို့အနေနဲ့ ခွင့်ပြုပေးရမယ်တဲ့ဗျ။ ဒါကိုယ့်ရဲ့ ကချင်ပြည်နယ်ရဲ့ ဒေသဖွံ့ဖြိုးရေးနဲ့လည်း ပတ်သက်လာတယ်။ နိုင်ငံတော်အတွက်လည်း အခွန်ကောက်ခံရရှိသွားမှာ ဖြစ်တယ်တဲ့ဗျ။ ဒီတစ်သျှူးငှက်ပျောနဲ့ ပတ်သက်ပြီး တကယ်စိုက်ပျိုးတဲ့ ကုမ္ပဏီအားလုံးဟာ ဥပဒေနဲ့အညီပဲလုပ်။ အဲ့ဒါဆိုရင် အားလုံးဟာ ပြဿနာဆိုတာ မရှိတော့ဘူးတဲ့ဗျ။ အရှုပ်အရှင်းဆိုတာ မရှိတော့ဘူးတဲ့ဗျ။ အားလုံး အဆင်ပြေသွားမယ်တဲ့ဗျ။ ငွေကြေးအခွန်အခတွေကို စနစ်တကျ ကောက်ခံသွားမှာပဲတဲ့ဗျ။
အိုးပေါက် - အခွန်ကောက်တာတော့ အခွန်ကောက်တာပေါ့။ ဒါပေမဲ့ ဒေသခံတွေ အနေ့အခွဲချည်းကျန်မှာလည်း စိုးပါတယ်။

တုတ်ထိုး - ဗျာ။
အိုးပေါက် - ရေရှည်ကြည့်ဖို့တော့ လိုတယ်ဗျ။ ငှက်ပျောစိုက်ခင်းတွေကြောင့် မြေယာခြံမြေတွေ ဆုံးရှုံးမှု ရှိသလားမရှိဘူးလား လေ့လာစူးစမ်းဖို့လိုတယ်။ ရာသီဥတု ထိခိုက်မှုရှိနိုင်လား၊ အဲဒီတစ်သျှူးငှက်ပျောစိုက်ပျိုးခြင်းကြောင့် မြေဆီလွှာပျက်စီးမှု ရှိနိုင်သလား၊ မရှိနိုင်ဘူးလား ပညာရှင်တွေနဲ့ တိုင်ပင်ဆွေးနွေး လုပ်ဆောင်သင့်တယ်။ အခွန်ချည်းပဲ ကြည့်နေလို့ကတော့ အခွဲချည်းပဲကျန်မှာ စိုးပါတယ်။

တုတ်ထိုး - အဲ့လောက်တောင်ပဲလား။
အိုးပေါက် - ကျုပ် ကြားဖူးတာတော့ တစ်သျှူးငှက်ပျောစိုက်ပျိုးခြင်းဟာ အစိုဓာတ်တွေ ခမ်းကုန်သတဲ့ဗျ။ ပြီးရင် မြေဩဇာတွေကိုတွင်းကြီးတွေ အနက်ကြီးတူးပြီး ထည့်ကြတာတဲ့ဗျ။ အဲ့ဒီအခါမှာ စိုက်တဲ့ငှက်ပျောက ရေလည်း စုပ်သတဲ့ဗျ။ ထည့်တဲ့မြေဆီလွှာက သဘာဝဓာတ်ကို အကုန်လုံး စုပ်ယူသွားတာတဲ့ဗျ။ တစ်သျှူး ၄-၅ နှစ်စိုက်ပြီဆိုလို့ရှိရင် အဲဒီမြေဆီလွှာတွေ ပျက်စီးပြီး နောက်ထပ်အပင်တွေ စိုက်လို့မရဘူးတဲ့ဗျ။

တုတ်ထိုး - ဘဏ္ဍာ၊ အခွန် စီမံကိန်းနဲ့ စီးပွားရေးဝန်ကြီးဌာနစာရင်း အချက်အလက်တွေအရ သိရတာကတော့ တစ်သျှူးငှက်ပျော တင်ပို့ရောင်းချခြင်းကနေ ၂၀၁၄ ခုနှစ်မှာငွေကျပ် ၂၃သန်း၊ ၂၀၁၅ မှာ ငွေကျပ် ၈၁ သန်း။
အိုးပေါက် - ဝါး။

တုတ်ထိုး - ၂၀၁၆ မှာ ၆၄၈ သန်း။
အိုးပေါက် - ဟာ။

တုတ်ထိုး - ၂၀၁၇ မှာ ၃၂၉ သန်း။
အိုးပေါက် - ဝိုး။

တုတ်ထိုး - ၂၀၁၈ အောက်တိုဘာလကုန်အထိ ငွေကျပ် သန်း ၅၃၀၀ ကျော် ကောက်ခံရရှိထားသတဲ့ဗျ။
အိုးပေါက် - သေချာလှချည်လား။

တုတ်ထိုး - စာဖတ်ခြင်းရဲ့ အကျိုးတွေပေါ့။ ဟဲ ဟဲ ဟဲ။
အိုးပေါက် - အခွန်တစ်ခုရတာနဲ့ မကြည့်ဘဲ ဒေသခံပြည်သူတွေရဲ့ အကျိုးဘက်ကနေလည်း ကြည့်သင့်ပါတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ များအနေနဲ့လည်း ဒီကိစ္စမှာ စုံစမ်းပါဝင်ပြီး တားမြစ်တန် တားပြီး၊ ဝိုင်းဝန်းသင့်တာ ဝိုင်းဝန်းကြဖို့ လိုသဗျ။

တုတ်ထိုး - ခင်ဗျားက ဘာလုပ်မှာလဲ။
အိုးပေါက် - ဘေးထိုင်ဘုပြောရုံပဲတတ်တာမို့ဒီလိုပဲထိုင်ပြောပါမယ်ခင်ဗျာ။

တုတ်ထိုး - မှတ်တောင်ထားရဦးမယ်။
အိုးပေါက် - တရုတ်ငှက်ပျောနဲ့ ငြိမ်းချမ်းရေးက တော်တော်တူတယ်။

တုတ်ထိုး - ဘာဆိုင်လို့တုန်း
အိုးပေါက် - တရုတ်ငှက်ပျောက မြေဆီလွှာပျက်စီးတယ်။ စစ်ပွဲတွေက ငြိမ်းချမ်းရေးပင်စည်ကို ခြောက်သွေ့စေတယ်။ မြေဆီလွှာတွေပျက်စီးရင် သစ်ပင်တွေ မစိမ်းလန်းနိုင်သလို မေတ္တာတရားတွေ ပျက်စီးရင် ငြိမ်းချမ်းရေးဟာ ထာဝရသေဆုံးသွားနိုင်ပါတယ်။

တုတ်ထိုး - မှတ်သားထိုက်ပါပေတယ်ဗျာ။ ခင်ဗျားနဲ့ ပြောခဲ့တာကြာပြီ ဒီတစ်ခါပဲ ကျက်သရေ မင်္ဂလာစကား ကြားရသေးတာ။
အိုးပေါက် - မှတ်တောင်ထားရဦးမယ်။ ။



ကလေးသူငယ်များအပေါ်
လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်
အမြတ်ထုတ်မှုများ ဖြစ်ပေါ်ပါက
တိုင်ကြားရန်ဖုန်းနံပါတ်များ

၀၆၇-၄၀၄၉၉၉၊ ၀၆၇-၄၀၄၂၂၂

# တပ်မတော်ကို အသရေပျက်စေမှုဖြင့် တရားစွဲဆိုခံထားရသော လူငယ် ၃
# တရားမျှတမှု မရှိဟုဆိုကာ ကချင်
















# ဦးကို ထောင်ဒဏ် ၆ လ နှင့် ဒဏ်ငွေ ၅ သိန်း ချမှတ်လိုက်သည့်အပေါ် ပြည်သူများ ထပ်မံဆန္ဒဖော်ထုတ်

ဓာတ်ပုံ – Salai
















# ပဋိညာဉ်စာချုပ် သီအိုရီက ရှင်းပြသော အစိုးရ ပေါ်ပေါက်လာပုံ

ယော်ဘောမ်မန်ရှန်



အစိုးရ ပေါ်ပေါက်လာရခြင်းအကြောင်းရင်းနှင့် Social Contract Theory ခေါ် ပဋိညာဉ်စာချုပ်သီအိုရီ (သို့မဟုတ်) သဘောတရား ဆက်စပ်မှု ရှိနေသည်။ ၎င်းသီအိုရီကို အုပ်ချုပ်သူအစုးရနှင့် အုပ်ချုပ်ခံပြည်သူကြားက သဘောတူချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်အဖြစ် နားလည်ကြသည်။ ဤသီအိုရီကို သက္ကရာဇ် ၁၅၈၈ ခုနှစ်နှင့် ၁၆၇၉ ခုနှစ်ကြားတွင် နေထိုင်ခဲ့သော ဗြိတိသျှ အတွေးအခေါ်ပညာရှင် Thomas Hobbes က စတင်စဉ်းစားတွေးခေါ်ခဲ့ကြောင်းသိရသည်။ နောက်ပြီး John Locke၊ Jean Jacques Rousseau နှင့် John Rawls တို့သည်လည်း ဤသီအိုရီနှင့် ဆက်စပ်ပြီး ကမ္ဘာကျော် အတွေးအခေါ်ပညာရှင်များ ဖြစ်ကြသည်ကိုလည်း လေ့လာရသည်။ ဤသီအိုရီ၏ ယူဆချက်အရ အစိုးရမပေါ်မီကာလကို ကနေဦးအစ(သို့မဟုတ်)ပကတိ အခြေအနေ (A state of nature) အဖြစ် သတ်မှတ်ကြသည်။

ပကတိအခြေအနေတွင် ဥပဒေနှင့် အစိုးရမရှိသေးသောကြောင့် အသက်လုံခြုံမှုနှင့် ပိုင်ဆိုင်သော စည်းစိမ်ဥစ္စာအတွက်လည်း လုံခြုံမှုမရှိပေ။ တစ်နည်းအားဖြင့် ပကတိအခြေအနေကို မင်းမဲ့အခြေအနေအဖြစ် သတ်မှတ်ယူဆကြသည်။

မင်းမဲ့အခြေအနေတွင် အများပြည်သူ ကောင်းကျိုး (social/ public good) ဖြစ်သော အိမ်ရာ၊ ပညာရေး၊ စိုက်ပျိုးရေး၊ စက်မှုနှင့် နည်းပညာအစရှိသော အရာများလည်း မရှိပေ။ ၎င်းအရာများ မရှိရခြင်း၏ အကြောင်းရင်းမှာ အများပြည်သူ ကောင်းကျိုးကို ထုတ်လုပ်နိုင်ရန် လိုအပ်သော အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု (co-operation) မရှိ၍ ဖြစ်သည်။

ထို့ကြောင့် ဒုစရိုက်များနှင့် ရာဇဝတ်မှုများ ပြည့်နက်နေသော မင်းမဲ့အခြေအနေတွင် လူမှုဘဝသည် ဆင်းရဲမွဲတေနေခဲ့ကြသည်။ လူတွေကဤမင်းမဲ့အခြေအနေမှ လွတ်မြောက်ရန် တဖြည်းဖြည်းကြံစည် နည်းလမ်းရှာလာကြပြီး ၎င်းအခြေအနေကို ကျော်လွှားနိုင်ရန် အဓိကလိုအပ်ချက် နှစ်ချက်ကို တွေ့ရှိကြသည်။

(၁)လူသားအချင်းချင်းနစ်နာအောင် (ဥပမာ - လိမ်လည်ခြင်း၊ လုယက်ခြင်း၊ သတ်ဖြတ်ခြင်း) မပြုလုပ်နိုင်အောင် အာမခံပေးနိုင်သော အုပ်ချုပ်ရေးယန္တရား လိုအပ်ချက်နှင့်၊ (၂) လူသားအချင်းချင်း အပြန်အလှန်ယုံကြည်၍ ကတိတည်ရန် လိုအပ်ချက် (ဥပမာ - သဘောတူချုပ်ဆိုထားသော စာချုပ်စာတမ်းများအပေါ် ကတိတည်ခြင်း)တို့ ဖြစ်သည်။

ဤအဓိကလိုအပ်ချက် နှစ်ချက်ကို အစိုးရကသာလျှင် အာမခံပေးနိုင်မည် ဖြစ်သည်။ ထို့ကြောင့်မင်းမဲ့အခြေအနေမှ လွတ်မြောက်ရန် အစိုးရကို ဖွဲ့စည်းတည်ထောင်ဖို့ လူတွေက သဘောတူခဲ့ကြသည်။ ၎င်းသဘောတူညီမှုအရ အုပ်ချုပ်သူအစိုးရသည် အများပြည်သူလူထု၏ အသက်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ ဥစ္စာပစ္စည်း ကာကွယ်ပေးရေးနှင့် စာချုပ်စာတမ်းကတိများကို ကာကွယ်ပေးရေးတို့အား တာဝန်ယူပေးရမည် ဖြစ်သည်။ ဤတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် လိုအပ်သော လုပ်ပိုင်ခွင့်အာဏာများကို အစိုးရအားပေးအပ်ရန် အုပ်ချုပ်ခံပြည်သူလူထုက သဘောတူခဲ့ကြသည်။ ထို့ပြင် အုပ်ချုပ်ခံ ပြည်သူများသည် မိမိတို့၏ ပုဂ္ဂိုလ်ရေး လွတ်လပ်မှုတချို့ကိုလည်း စွန့်လွှတ်ရန် သဘောတူခဲ့ကြသည်။ ထို့ကြောင့် အစိုးရအပါအဝင် ပြည်သူလူထုအားလုံးသည် ဖော်ပြခဲ့သည့် အုပ်ချုပ်သူအစိုးရနှင့် အုပ်ချုပ်ခံပြည်သူကြားက သဘောတူချုပ်ဆိုထားသော ပဋိညာဉ်စာချုပ် (social contract)နှင့် အကျုံးဝင်သူများ ဖြစ်ကြသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း အထက်ဖော်ပြပါ ပဋိညာဉ်စာချုပ်နှင့် သဘောတရားခြင်း တူညီသော ရှေးရိုးရာအတွေးအခေါ်မျိုးရှိခဲ့သည်ကို တွေ့ရသည်။ ဤသည်မှာ မင်းကျင့်တရား (၁၀)ပါး၏ အနှစ်သာရပင် ဖြစ်သည်။ မင်းကျင့်တရား (၁၀)ပါးသည် အုပ်ချုပ်သူ အစိုးရ၊ သံဃာတော် (သီလရှင်၊ ဘုန်းကြီး)နှင့် အုပ်ချုပ်ခံပြည်သူကြားမှာ သဟဇာတရှိသော ဆက်ဆံရေးမျိုး ဖြစ်သည်။ ဤတွင် အစိုးရက သံဃာတော်များကို ကာကွယ်၊ ထောက်ပံ့ပေး၍ အပြန်အလှန်အားဖြင့် သံဃာတော်များသည် အစိုးရအား တရားဝင်ကြောင်း အသိအမှတ်ပြုပေးပြီး ပြည်သူများကိုလည်း အစိုးရက ပြဋ္ဌာန်းထားသော တရားဥပဒေများကို လိုက်နာကြရန် တိုက်တွန်းနိုးဆော်ပေးရမည် ဖြစ်သည်။ ထို့ကြောင့် အုပ်ချုပ်သူအစိုးရ (ဘုရင်)သည် မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်ရန်ပျက်ကွက်လျှင် သံဃာတော်များက အစိုးရ(ဘုရင်)၏ တရားဝင်အသိအမှတ်ပြုမှုကို ပြန်လည်ရုပ်သိမ်းနိုင်သလို အုပ်ချုပ်ခံပြည်သူလူထုသည်လည်း အစိုးရ၏အာဏာကို ဖီဆန်လာကြမည် ဖြစ်သည်။

**ပြည်သူလူထုက အစိုးရကို ဖယ်ရှားနိုင်**

အုပ်ချုပ်သူအစိုးရနှင့် အုပ်ချုပ်ခံပြည်သူကြားက သဘောတူချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်သီအိုရီ (social contract theory) ကို ဝေဖန်သူများလည်း ရှိသည်။ သူတို့က အုပ်ချုပ်သူအစိုးရနှင့် အုပ်ချုပ်ခံပြည်သူများကြားတွင် လက်တွေ့မှာ ပဋိညာဉ်စာချုပ် ချုပ်ဆိုထားခြင်းမရှိကြောင်း၊ ဤ ပဋိညာဉ်စာချုပ်သီအိုရီသည် အတွေးအခေါ်၊ စိတ်ကူးယဉ်ထားခြင်းသာဖြစ်ကြောင်း ထောက်ပြကြသည်။ သို့သော်လည်း ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုဖူလုံရေးစနစ်ကဲ့သို့သော လူမှုရေးမူဝါဒများသည် အထက်ပါ ပဋိညာဉ်စာချုပ် သီအိုရီ အတွေးအခေါ်ပေါ်တွင် အခြေခံထားသည်ကို လက်ခံထားကြသည်။

အုပ်ချုပ်သူအစိုးရက ဤပဋိညာဉ်စာချုပ်ပါ ကတိကဝတ်များကို လိုက်နာစောင့်ထိန်းရမည် ဖြစ်ကြောင်းကို ကမ္ဘာကျော် ပဋိညာဉ်စာချုပ် သီအိုရီ အတွေးအခေါ်ပညာရှင်များဖြစ်ကြသည့် Thomas Hobbes, John Locke, Jean Jacques Rousseau နှင့် John Rawls တို့ အားလုံးက တညီတညွတ်တည်း လက်ခံထားကြသည်။ (Mangshang&Griffiths, 2018, p-55)။

အစိုးရသည် အသက်လုံခြုံမှုနှင့် ပစ္စည်းဥစ္စာလုံခြုံမှုတို့ကို ကာကွယ်ပေးရန် ဝတ္တရားရှိကြောင်း Thomas Hobbes က ဆိုပြီး၊ အကယ်၍ အစိုးရသည် ပဋိညာဉ်စာချုပ်ပါ ကတိကဝတ်များကို လိုက်နာစောင့်ထိန်းမှုပျက်ကွက်လျှင် ၎င်းအစိုးရကို ဖယ်ရှားရမည်ဖြစ်ကြောင်း John Locke နှင့် Jean Jacques Rousseau တို့က ဆိုကြသည် (Laskar, 2013)။ ဤ ပဋိညာဉ်စာချုပ်ကို လိုက်နာစောင့်ထိန်းရေးသည် အစိုးရ၏ဝတ္တရားဖြစ်သည်သာမက လုပ်ငန်းတာဝန်လည်း ဖြစ်ကြောင်း John Rawls က ဆိုသည်။ (Rawls, 2009)။

အချုပ်အားဖြင့် Social Contract Theory ခေါ် အုပ်ချုပ်သူအစိုးရနှင့် အုပ်ချုပ်ခံပြည်သူကြားက သဘောတူချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်သီအိုရီသည် အစိုးရပေါ်ပေါက်လာပုံနှင့် အစိုးရလိုအပ်ပုံကို ရှင်းပြပေးသော အတွေးအခေါ်သဘောတရား ဖြစ်သည်။ ပို၍အရေးကြီးသည်မှာ ပြည်သူလူထုသည် မင်းမဲ့ အခြေအနေနှင့် ဆင်းရဲမွဲတေမှုမှ လွတ်မြောက်နိုင်ရန် အစိုးရကို ဖွဲ့စည်း၍ လိုအပ်သော အာဏာနှင့် လုပ်ပိုင်ခွင့်များကိုလည်း ပေးထားသည့်အတွက် ပြည်သူလူထုသည်လုပ်ငန်းရှင်သဘောရှိပြီး၊ အစိုးရသည် အလုပ်သမားသဘော ဆောင်သည်ကို တွေ့ရသည်။ ထို့ကြောင့် အစိုးရသည် မိမိအားယုံကြည်၍ ပြည်သူက ပေးအပ်ထားသော လုပ်ပိုင်ခွင့်များနှင့် အာဏာတို့ကို အလွဲသုံးစားလုပ်ခြင်း၊ တာဝန် မကျေပွန်ခြင်းများရှိလျှင် ပြည်သူများအနေဖြင့် အစိုးရကို အစားထိုးပြောင်းလဲနိုင်သည်။ ထို့အတူ အစိုးရက မိမိကို ပေးအပ်ထားသော လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေသ၍ ပြည်သူများသည်လည်း အစိုးရ၏တရားဥပဒေများကို လိုက်နာရန် တာဝန်ရှိကြောင်း တွေ့ရသည်။ ဤ ပဋိညာဉ်စာချုပ် သီအိုရီနှင့်မြန်မာတို့၏ မင်းကျင့်တရား (၁၀)ပါးသည် အုပ်ချုပ်သူအစိုးရနှင့် အုပ်ချုပ်ခံပြည်သူများသည် အပြန်အလှန် မှီခိုနေသည်ကို တွေ့ရသော်လည်း အုပ်ချုပ်မှုအာဏာသည် ပြည်သူလူထုထံမှသာ ဆင်းသက်လာသည်ကို ခွဲခြားမြင်နိုင်ရန် အရေးကြီးပေသည်။

"မှတ်ချက် - ပဋိညာဉ်စာချုပ်သီအိုရီ (Social Contract Theory)သည် နက်နဲကျယ်ပြန့်သော ဘာသာရပ်တစ်ခု ဖြစ်သောကြောင့် ဤဆောင်းပါးတွင် ပြည့်စုံစွာဖော်ပြရန် မဖြစ်နိုင်ပါ။ ပိုမိုသိရှိရန် ၎င်း သီအိုရီကို ဆက်လက်လေ့လာစေလိုပါသည်"

(ယော်ဘောမ်မန်ရှန်သည် ရန်ကုန်အခြေစိုက် နိုင်ငံရေးနှင့် ဥပဒေရေးရာ လေ့လာသုံးသပ် ရေးသားနေသူတစ်ဦး ဖြစ်သည်။ သူသည် Law and Diplomacy မဟာဝိဇ္ဇာဘွဲ့ကို The Fletcher School, Tufts University, USA မှ ရရှိခဲ့သည်။)

ကျမ်းကိုးများ။

Mangshang, Yaw Bawm and Griffiths, Mike, (2018, p- 53-83), "Social Protection in Myanmar: A Key Mechanism for Political Legitimacy?" in the book "Myanmar Transformed?: People, Places and Politics" edited by Justine Chambers, Gerard Mc Carthy, Nicolas Rarrelly, Chit Win, ISEAS Institute, Singapore.

Laskar, M. E. (2013). Summary of Social Contract Theory by Hobbes, Locke and Rousseau.

Rawls, J. (2009). A theory of justice: Harvard university press.

Thomas Hollis (editor) "John Locke, The Two Treatises of Civil Government (Hollis ed.) [1689]", https://oll.libertyfund.org/titles/locke-the-two-treatises-of-civil-government-hollis-ed (accessed: 2 Dec. 2018)

# မိဘအုပ်ထိန်းမှုရဲ့ ဆိုးဝါးတဲ့ လက္ခဏာများကြောင့် အကျိုးသက်ရောက်မှု



မိဘအုပ်ထိန်းမှုရဲ့ ဆိုးဝါးတဲ့ လက္ခဏာတွေက ဆက်တိုက်ဖြစ်တတ်တဲ့လုပ်ရပ် ဖြစ်ပြီး သင့်ကလေးရဲ့ ကိုယ်၊ နှုတ် အမူအရာနဲ့ စိတ်ခံစားမှု အတွေးအခေါ်တွေကို ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်ပါတယ်။

အဲဒီလိုဖြစ်တာက တမင်တကာ ရည်ရွယ်လို့ ဖြစ်တာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒါက သင့်ကလေးအပေါ် ဆိုးဝါးတဲ့သက်ရောက်မှု ဖြစ်စေတာကို မလျှော့ချပေးနိုင်ပါဘူး။

တချို့မိဘတွေက အဲဒီ အကျိုးသက်ရောက်မှုတွေကို နားလည်သဘောပေါက်တာမျိုး မရှိတဲ့အပြင် တချို့က ဂရုတောင် မစိုက်ကြပါဘူး။ မိဘအုပ်ထိန်းမှု ဆိုးဝါးတာတွေ ဖြစ်ပေါ်လာရခြင်းရဲ့ ပင်မအစကတော့ မိဘကောင်းဖြစ်အောင် ဘယ်လိုနေထိုင်မလဲ ဆိုတာမသိခြင်းဒါမှမဟုတ်မှန်ကန်တဲ့ မိဘအုပ်ထိန်းမှုစနစ်ကို သင်ယူဖို့ စိတ်မဝင်စားတာတွေကြောင့် ဖြစ်လာတာပါ။

ဘယ်လိုပဲဖြစ်ဖြစ် သင်သတိထားရမှာကတော့ သင့်ရဲ့ကလေးဟာ ဂရုစိုက်မှုနှင့် ပြုစုပျိုးထောင်မှုတွေကို လိုအပ်တယ်ဆိုတဲ့အချက်ပါပဲ။ ပြီးတော့ မိဘအုပ်ထိန်းမှုဆိုင်ရာ ဆွေးနွေးပွဲနှင့် အဖွဲ့အစည်းတွေမှာ ပါဝင်ဆွေးနွေးဖို့ အချိန်ပေးပါ။

သင့်ကို မကောင်းတဲ့မိဘဖြစ်စေနိုင်တဲ့ အချက်အလက်တွေနဲ့ လုပ်ရပ်များစွာ ရှိပါတယ်။ အခုဖော်ပြမယ့် ဥပမာတွေကတော့ သင်လုံးဝရှောင်ရှားရမယ့် မိဘအုပ်ထိန်းမှုရဲ့ ဆိုးဝါးတဲ့ လက္ခဏာတွေပါ။

၁။ အလွန်အကျွံ အပြစ်ဖို့ ဆုံးမခြင်း

အကယ်၍သင့်ကလေးက တစ်ခုခုမှားယွင်းတာ လုပ်မိတဲ့အခါ သင်က အဲဒီအပြစ်အပေါ် အလွန်အကျွံ အပြစ်ဖော်ဆုံးမတာ ဒါမှမဟုတ် ဆူပူကြိမ်းမောင်းမယ်ဆိုရင် အဲဒါက သင့်ကလေးအပေါ် မကောင်းတဲ့ လွှမ်းမိုးမှုတွေ ဖြစ်စေပါတယ်။ ပြီးတော့ သင့်ကလေးရဲ့ ရိုးသားမှု၊ အမှားကို ဝန်ခံတတ်တဲ့ အမူအကျင့်နဲ့ လက္ခဏာတွေအပေါ် ဆိုးဝါးစွာသက်ရောက်စေပါတယ်။

၂။ အများရှေ့မှာ ကိုယ့်ကလေးကို စည်းကမ်းချမှတ်ဆုံးမခြင်း

တစ်ခါတလေ သင့်ကလေးကို အများရှေ့မှာဆူတာ၊ ဟောက်တာ၊ ရိုက်တာတွေကို သတိလက်လွတ် ဖြစ်ခဲ့ဖူးတာတွေရှိကောင်းရှိနိုင်ပါတယ်။ အဲအချက်တွေက သင့်ကလေးရဲ့ယုံကြည်မှုအပေါ် ယိုင်နဲ့ပြီးတော့ ရှက်ကြောက်မှုပိုကြီးမားလာနိုင်စေပါတယ်။

၃။ အကြံအဉာဏ်သာ ပေးပြီး အားပေးထောက်ပံ့မှုမရှိခြင်း

သင့်ကလေးကို အားပေးထောက်ပံ့မှုမရှိဘဲ သွားတိုက်တာကအစ အကျီဝတ်တာကအဆုံး အကြံအဉာဏ်သာပေးနေမယ်ဆိုရင် ဆိုးဝါးတဲ့မိဘအုပ်ထိန်းမှုလက္ခဏာပါပဲ။

၄။ ချစ်ခြင်းမေတ္တာမပြခြင်း

သင်ဟာ သင့်ကလေးကို “မေမေချစ်တယ်နော်၊ အရမ်းချစ်တယ်”စတဲ့ စကားလုံးလေးတွေနဲ့ ပွေ့ဖက်တာတွေကို မကြာခဏ ပြုလုပ်လေ့မရှိဘူးဆိုရင်လည်း သင့်ကလေးကို စိတ်ပိုင်းဆိုင်ရာအရ သင်နဲ့ ဝေးကွာစေတယ်လို့ ခံစားရစေနိုင်ပါတယ်။

၅။ စည်းမျဉ်း၊ စည်းကမ်း သတ်မှတ်ထားမှု မရှိခြင်း

ကလေးတိုင်းက ကျန်းမာစွာကြီးထွားလာဖို့အတွက် နည်းစနစ်နဲ့ စည်းကမ်းပေါင်တွေလိုအပ်ပါတယ်။ အဲလိုမှမဟုတ်လို့ရှိရင် အိမ်နဲ့ဝေးရာ (ကျောင်း၊ကျူရှင်) အပြင်တစ်နေရာရာရောက်သွားတဲ့ အချိန် ဒုက္ခရောက်တတ်ပါတယ်။

၆။ ဝိုင်းဝန်းကူညီမှုမရှိခြင်း

ကလေးတွေဟာ စာမေးပွဲအတောအတွင်း သို့မဟုတ် ကျောင်းရဲ့စတိတ်စင်မှာ ဖျော်ဖြေရတဲ့အချိန် အစရှိတဲ့ စိတ်ဖိစီးမှုများတဲ့အချိန်တွေမှာ ကူညီထောက်ပံ့မှုအများကြီး လိုအပ်ပါတယ်။ သင်ဟာ သင့်အလုပ်ကိုပဲ အာရုံစိုက်ပြီး ကလေးကိုကျတော့ ဝိုင်းဝန်းကူညီဖို့ အချိန်မပေးနိုင်လို့ရှိရင် သင့်ကလေးကို စိုးရိမ်သောကရောက်မှုတွေကို ဖြစ်စေနိုင်ပါတယ်။

၇။ နှိုင်းယှဉ်ခြင်း

သင်ဟာ သင့်ကလေးကို တခြားကလေးတွေလိုဖြစ်စေချင်တယ်။ ပြီးတော့ သူတို့ရဲ့ကောင်းတဲ့ လက္ခဏာတွေကို အတုယူစေချင်တယ် ဆိုတာတွေကို သင့်ကလေးကို အမြဲတမ်း တတွတ်တွတ်ပြောနေမယ်ဆိုရင်၊ အဲဒါတွေကလည်း မိဘအုပ်ထိန်းမှု မကောင်းတဲ့ လက္ခဏာတွေပါပဲ။

၈။အောင်မြင်မှုအပေါ် ဂုဏ်မယူခြင်း

သင်ဟာ သင့်ကလေးရဲ့ ကြိုးစားမှုတွေအပေါ် မခ်ီးကျူးတာတွေ ပြီးတော့ သူရဲ့အလုပ်ကြိုးစားမှုအပေါ် ဂုဏ်ယူမှု မရှိခြင်းဟာလည်း ဆိုးဝါးတဲ့ လက္ခဏာပါ။

၉။ အပြစ်ရှာတဲ့ လေသံဖြင့် ပြောခြင်း

ကလေးရဲ့ အပြုအမူ အားလုံးအပေါ် သဘောကျနှစ်သက်ခြင်းမရှိတဲ့ လေသံ ဒါမှမဟုတ် အပြစ်ရှာတဲ့လေသံနဲ့ ပြောဆိုအသုံးပြုခြင်းဟာ သင့်ကလေးကို ဆိုးဝါးတဲ့ အစွန်းအထင်းဖြစ်စေပါတယ်။

၁၀။ ကလေးရဲ့ စိတ်ခံစားမှုအပေါ် လေးစားမှုမရှိခြင်း

သင့်ကလေးရဲ့ စိတ်ခံစားမှုတွေကို နားလည်အောင်လုပ်ဖို့ ကလေးနဲ့ စကားစမြည် ပြောမယ့်အချိန် မပေးဘူးဆိုရင် သူတို့ရဲ့ထင်မြင်ချက်နဲ့ စိတ်ခံစားမှုတွေဟာ အရေးကြီးပြီး လျစ်လျူမရှုသင့်တဲ့ အရာတွေကို လျစ်လျူရှုတတ်လာလိမ့်မယ်။

၁၁။ မကောင်းတဲ့အပြုအမူ ပြခြင်း

သင့်ကလေးဟာ သင့်ရဲ့ အပြုအမူတွေနဲ့ အလေ့အထတွေအားလုံးကို အတုယူတတ်ပါတယ်။ အဲဒီလို အပြုအမူတွေကို သင်က ဒီကလေး ဘယ်ကနေ အတုခိုးတာလဲလို့ ထင်ကောင်း ထင်နေပါလိမ့်မယ်။ အဲဒါကြောင့် သင့်ရဲ့ အပြုအမူနဲ့အလေ့အထတွေဟာ အရမ်းအရေးကြီးပါတယ်။

၁၂။ ရွေးချယ်မှု မပေးခြင်း

သင့်ကလေးကို ရွေးချယ်မှုမပေးဘူး။ ပြီးတော့ သင်ပြောတဲ့အတိုင်း လုပ်ဖို့ မျှော်လင့်တယ်။ အဲဒီအချက်တွေဟာ မိဘအုပ်ထိန်းမှု ဆိုးဝါးတဲ့ လက္ခဏာဖြစ်တယ်။

၁၃။ အလွန်အကျွံ ကာကွယ်ပေးခြင်း

သင့်ကလေး ကြုံတွေ့လာနိုင်တဲ့ အဖြစ်အပျက်ကနေ အလွန်အကျွံ ကာကွယ်ပေးနေတာဟာလည်း သင့်ကလေးကို ကြောက်ရွံ့မှုတွေနဲ့ ပြည့်နှက်စေပြီးတော့ သူငယ်ချင်းအသစ်တွေနဲ့အသစ်အဆန်း ပြုလုပ်ဖို့ကို ကြောက်သွားစေနိုင်တယ်။

၁၄။ ယုံကြည်မှုကင်းမဲ့ခြင်း

သင့်ကလေးကို ဆုံးဖြတ်ချက်ချခွင့်မပေးဘူး။ ဘာလို့လဲဆိုတော့ သင်က သေချာပေါက်သိနေတာ ဒါမှမဟုတ် သင့်ကလေးပြောတဲ့ စကားတွေကို မယုံကြည်တာတွေကြောင့်ဖြစ်နိုင်တယ်။

၁၅။ သင့်ကလေးကို အချိန်ပေးခြင်း

သင်က သင့်ကလေးနဲ့ စကားပြောဖို့နဲ့ကစားဖို့ အချိန်မပေးနိုင်လောက်အောင် အလုပ်ရှုပ်ခြင်း ဒါမှမဟုတ် အဲဒီလိုလုပ်ဖို့ စိတ်ဝင်စားမှု မရှိတာတွေက ကလေးကို ငြင်းပယ်သလိုခံစားစေမှာပါ။ သင့်ကလေးကို စကားပြောနေတဲ့အချိန် ဖုန်းပဲ ပွတ်နေတာဟာလဲ သူတို့ကို လျစ်လျူရှုတာနဲ့ အတူတူပါပဲ။

အထက်မှာ ဖော်ပြထားတဲ့ မိဘအုပ်ထိန်းမှု ဆိုးဝါးတဲ့ လက္ခဏာတွေကြောင့် သင့်ကလေးအပေါ် ဆိုးဝါးတဲ့ အကျိုးသက်ရောက်မှုတချို့ ဖြစ်စေပါတယ်။

လူမှုဆက်ဆံရေးမကောင်းတဲ့အပြုအမူ၊ အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ ခံနိုင်ရည်မရှိခြင်း၊ စိတ်ဓာတ်အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ အဓမ္မပြုခြင်း၊ နားလည်မှုနည်းပါးခြင်း၊ ပေါင်းသင်းဆက်ဆံရေးနှင့် ပတ်သက်ပြီး အခက်အခဲရှိခြင်း စတာတွေကို ဖြစ်စေပါတယ်။

မျိုးမြတ်မြတ်ပန်
Ref; Mahak Arora

## Movie View

▶ **ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၇ - ၁၁ - ၂၀၁၈ မှ ၁၃ - ၁၂ - ၂၀၁၈ အထိ မြန်မာရုပ်ရှင်ကို ညနေ ၃ း ၃၀ နာရီ တွင် - **မုန်းစွဲ**
နေ့လယ် ၁၂ း ၃၀ နှင့် ည ၆ း ၃၀ နာရီ ပွဲချိန်များတွင် - **သမီးသမက်၊ ခမည်းခမက်**





| ရွှေဈေး | |
|---|---|
| ခေါက်ရွှေ | ၁၀၂၀၅၀၀ ကျပ် |
| ခေါက်စပ် (ဒင်္ဂါးစပ်) | ၉၆၀၄၀၀ ကျပ် |

ဒီဇင်ဘာ (၇) ရက်၊ ညနေ (၂)နာရီဈေး
ဈေးအပြောင်းအလဲရှိနိုင်သည်။
**ဇမ္ဗူရာဇ်ရွှေဆိုင်**

| ဆိုင်ကယ်ဈေးနှုန်း (KENBO Showroom) | |
|---|---|
| KENBO Digital/ရိုးရိုး | ၇၈၀၀၀၀/၇၆၀၀၀၀ ကျပ် |
| CANDA | ၅၆၅၀၀၀ ကျပ် |
| SHAYAN | ၅၆၅၀၀၀ ကျပ် |
| FEILING | ၅၆၅၀၀၀ ကျပ် |
| JIA LING | ၆၉၀၀၀၀ ကျပ် |
| CYCLONE | ၁၀၃၅၀၀၀ ကျပ် |

မြစ်ကြီးနားသတင်းဂျာနယ်
(ဒီဇင်ဘာ ၁၀ ၊ ၂၀၁၈)



## ရပ်ကွက်စောင့်ကြည့်



၁။ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက် ဒူဝါဇော်ရစ်လမ်း (ဂျပန်တံတားလမ်း)ပေါ်ရှိ တံတားအနီးတွင် အမှိုက်များ စုပုံထားခြင်း မပြုရန် မြို့နယ်စည်ပင်မှ ဆိုင်းဘုတ်စိုက်ထူထားပြီ ဖြစ်သည်။ ယခင်က ထိုနေရာတွင် အမှိုက်များလာရောက်စွန့်ပစ်သူ များပြားလာမှုကြောင့် လမ်းဘေးနှင့်တံတားအောက်ဘက် ရေမြောင်းဘက်အထိ အမှိုက်များ ပြန့်ကျဲနေသောကြောင့် ပတ်ဝန်းကျင်ကို ညစ်ပတ်စေရုံသာမက အမြင်မတော်ပြီး ကြည့်ရဆိုးနေသောနေရာဖြစ်သည်။ ယခုချိန်တွင် ယင်းနေရာရှိ အမှိုက်များကို မီးရှို့လိုက်ပြီဖြစ်ပြီး ဆက်လက်၍အမှိုက်မစွန့်ပစ်ရန် မြို့နယ်စည်ပင်မှ တားဆီးထားသည်ကိုတွေ့ရသော်လည်း ပြန်လည်အမှိုက်စွန့်ပစ်ထားသည်ကို တွေ့ရသည်။



၂ ။ မြစ်ကြီးနားမြို့၊ သီတာရပ်ကွက် ကားကြီးကွင်းဟောင်းတွင် တရုတ်ကားကြီးများကို ဆက်လက်ထိန်းသိမ်းထားသည်။အဆိုပါ တရုတ်ကားကြီးများသည်တစ်သျှုးငှက်ပျောခြံအတွက် ဓာတ်မြေဩဇာတင်ဆောင်လာပြီး ကန်ပိုင်တည်နယ်စပ်ဂိတ်အတိုင်း ဝင်ရောက်လာကာ ဝိုင်းမော်ဘက်သို့ ဦးတည်မောင်းနှင်လာသော ကားများဖြစ်ပြီး ဆဒုံးမြို့ရေတံခွန်အနီးတွင် ဩဂုတ်လ ၂ ရက်နေ့က စစ်ဆေးဖမ်းဆီးရမိသည့် ကားကြီးများ ဖြစ်သည်။



၃။ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက် ရွှေလမ်းမလမ်းဆုံရှိ မီးပွိုင့်သည် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လာရောက်ပြီးချိန်မှစ၍ အသုံးပြုခြင်းမရှိသည်ကို တွေ့ရသည်။



၅။ ကချင်အထူးဒေသ ဂွေထုကျေးရွာရှိ ပါဝါနိုင်းငှက်ပျော်ခြံတွင် အလုပ်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းလုပ်သား ဦးရေ ၂၀၀ ကျော်ကို ဝိုင်းမော်ခရစ်ယာန် ဂိုဏ်းဂဏပေါင်းစုံ လူငယ်များက ခရစ္စမတ်ပွဲတော် သွားရောက် ကျင်းပပြုလုပ်ပေးခဲ့သည်။ ယင်းခရစ္စမတ်ပွဲကို ဘာသာခြား တိုင်းရင်းသား ရွှေ့ပြောင်းလုပ်သားမိသားစုများဖြစ်သော ဗမာ၊ ရခိုင်နှင့် တရုတ်လူမျိုးများကို ခရစ္စမတ်သတင်းစကားပြောခြင်းနှင့် ခရစ္စမတ်လက်ဆောင်များ ပေးခြင်းတို့ဖြင့် ပျော်ရွှင်စွာ ပြုလုပ်ပေးခဲ့ကြသည်။

မျိုးမြတ်မြတ်ပန် ၊ Ahje စုစည်းတင်ပြသည်။

## စစ်ရှောင်စခန်းစောင့်ကြည့်

### စီတာပူစစ်ရှောင်စခန်း

မြစ်ကြီးနားမြို့ရှိ စီတာပူ စစ်ရှောင်စခန်းတွင် ဆေးပေးခန်းမရှိ၍ စစ်ရှောင်ပြည်သူများဖျားနာချိန်တိုင်း အခက်အခဲ အမြဲကြုံနေရကြောင်းသိရသည်။ စစ်ရှောင်များ စရောက်သည့် တစ်နှစ်၊ နှစ်နှစ်အတွင်း အစိုးရမှ ခန့်အပ်ထားသော သူနာပြုများ တစ်ပတ်လျှင် ၅ ရက် လာရောက်ခဲ့သော်လည်း ယခုနောက်ပိုင်းတွင် တစ်လလျှင် တစ်ကြိမ်ခန့်သာ လာရောက်တော့သည့်အတွက် အမြဲတမ်းဆေးပေးခန်းတစ်ခု ထားရှိရန် လိုအပ်နေသည်ဟု ဆိုသည်။

### ဇီးအုန်စစ်ရှောင်စခန်း

မြစ်ကြီးနားမြို့ရှိ ဇီးအုန် စစ်ရှောင်စခန်းတွင် ရေဘုံပိုင် သုံးခုရှိရာ တစ်ခုကို အိမ်သာနှင့်ရေချိုးရန်အသုံးပြုကာ တစ်ခုကို သောက်သုံးရေအတွက် အသုံးပြုနေပြီး တစ်ခုကို အားလုံး လိုအပ်ချိန်တွင် အသုံးပြုရန် ပြုလုပ်ထားသော်လည်း ယခုအခါ သောက်သုံးရေဘုံပိုင်မှ ရေမော်တာ ပျက်နေသောကြောင့် ရေမော်တာအသစ်လဲလှယ်ရန် အခက်အခဲနှင့် သောက်ရေအခက်အခဲများ ရင်ဆိုင်နေရကြောင်း သိရသည်။

### ဒူကထောင် နယ်မြေ (၁၄) စစ်ရှောင်စခန်း

မြစ်ကြီးနားမြို့ရှိ ဒူကထောင်နယ်မြေ(၁၄)စစ်ရှောင်စခန်းကို ယခင်က ကြက်ခြေနီအသင်းမှ လာရောက်ကူညီပေးခဲ့သော်လည်း နောက်ပိုင်းတွင် အခြားလူမှုကူညီရေးအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှု နည်းပါးနေကြောင်း သိရသည်။ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအဖွဲ့ ထောက်ပံ့မှုမှ ဆန်ပုံမှန်ရရှိကြောင်းနှင့် တခြားသော စစ်ရှောင်ပြည်သူများကဲ့သို့ ကူညီထောက်ပံ့မှုရရှိ လိုကြောင်း စစ်ရှောင်များကပြောသည်။

### စံပြနှစ်ခြင်းစစ်ရှောင်စခန်း

စံပြနှစ်ခြင်းစစ်ရှောင်စခန်းတွင် ယခင်က ကျယ်ကျယ်ဝန်းဝန်းနေခဲ့ရသော်လည်း ယခုနောက်ပိုင်းတွင် အသင်းတော်မှ ဟောလ်ခန်းအဆောင် ဆောက်လုပ်ရန် ပြင်ဆင်နေသောကြောင့် ကျဉ်းကျပ်စွာနေထိုင်နေရ၍ အခြား စစ်ရှောင်စခန်းတစ်ခုခု (သို့မဟုတ်) သင့်တော်သည့်နေရာသစ်သို့ ပြောင်းရွှေ့လို့ရလျှင် ပြောင်းရွှေ့နေထိုင်လိုကြောင်း စစ်ရှောင်များက ပြောသည်။

### တပ်ကုန်းနှစ်ခြင်းစစ်ရှောင်

တပ်ကုန်းနှစ်ခြင်းစစ်ရှောင်စခန်းတွင် သောက်သုံး ရေဘုံပိုင် တစ်ခုတည်းရှိသောကြောင့် ထိုရေဘုံပိုင် ပျက်စီးသွားလျှင် အခက်အခဲမရှိစေရန် အရန် ရေဘုံပိုင်များ လိုအပ်နေကြောင်း စစ်ရှောင်များက ပြောသည်။

ဘရန်ဂျာPH

## မြစ်ကြီးနားမြို့ ကုန်စည်ဈေးနှုန်း

(စည်ပင်သာယာမှ ကောက်ယူထားသောဈေးနှုန်း)

| ကုန်စည်အမည် | ဈေးနှုန်း |
|---|---|
| ဆန်မွှေး | ၂၅၀၀ ကျပ် |
| ခတ်ချို (၁ပြည်) | ၂၂၀၀ကျပ် |
| ချင်းသုံး (၁ပြည်) | ၁၆၀၀ ကျပ် |
| ပေါ်ဆန်းမွှေး (၁ပြည်) | ၂၈၀၀ ကျပ် |
| လုံးသွယ်မွှေး (၁ပြည်) | ၂၂၀၀ကျပ် |
| စောရှုတ် (၁ပြည်) | ၂၀၀၀ ကျပ် |
| ကုလားကြီး (၁ပြည်) | ၁၃၀၀ ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၇၀၀၀/၁၄၀၀၀ကျပ် |
| ငါး(ငါးမြစ်ချင်း) | ၄၅၀၀ကျပ် |
| ငါးတန် (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ငါးခူ (၁ပိဿာ) | ၄၀၀၀ ကျပ် |
| ငါးကြင်း (၁ပိဿာ) | ၆၀၀၀ ကျပ် |
| ပုဇွန် အကြီး (၁ပိဿာ) | ၂၄၀၀၀ ကျပ် |
| ပုဇွန် အသေး (၁ပိဿာ) | ၂၀၀၀၀ ကျပ် |
| ပုဇွန်ငါးပိ ရိုး/ရှယ်(၁ပိဿာ) | ၁၅၀၀/၂၅၀၀ ကျပ် |
| ကင်းမွန် (၁ပိဿာ) | ၁၆၀၀၀ ကျပ် |
| အိမ်ကြက် (၁ပိဿာ) | ၁၂၀၀၀ကျပ် |
| (မွေးမြူရေး )ကြက် (၁ပိဿာ) | ၆၀၀၀ကျပ် |
| ဝက်သား (၁ပိဿာ) | ၁၁၀၀၀ကျပ် |
| ခရမ်းချဉ်သီး | ၂၀၀၀ကျပ် |
| မြန်မာအာလူး | ၁၀၀၀ကျပ် |
| တရုတ်အာလူး (၁ပိဿာ) | ၁၀၀၀ ကျပ် |
| ကုလားပဲ (၁ပိဿာ) | ၂၂၀၀ကျပ် |
| ပဲစင်းငုံ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| မတ်ပဲ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ကြက်ဥ | ၁၅၀ကျပ် |
| ဘဲဥ | ၂၀၀ကျပ် |
| မြေပဲဆီ ၁ပိဿာ | ၃၅၀၀ ကျပ် |
| ကြက်သွန်နီ | ၁၈၀၀ကျပ် |
| ကြက်သွန်ဖြူ ဗမာ/တရုတ် | ၃၀၀၀ /၁၈၀၀ကျပ် |
| ငရုတ်သီးစိမ်း ၁ပြည်/ပိဿာ | ၁၅၀၀/၂၅၀၀ကျပ် |
| ငရုတ်ခြောက်ရှည် (၁ပိဿာ) | ၈၀၀၀ ကျပ် |
| ငရုတ်ပွခြောက် | ၈၀၀၀ ကျပ် |
| ချင်း | ၂၀၀၀ကျပ် |
| စားအုန်းဆီ (၁ပိဿာ) | ၂၀၀၀ ကျပ် |
| မုန်ညင်းဆီ (၁ပိဿာ) | ၂၅၀၀ ကျပ် |
| ပဲဆီ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| အိုင်အိုဒင်းဆား (၁ထုပ်) | ၂၀၀ ကျပ် |
| ရွှေဝါဆပ်ပြာ (၁တောင့်) | ၃၀၀ ကျပ် |

# မြစ်ကြီးနား ရက်ကန်းနှင့်အသက်မွေးပညာကျောင်းတွင် လက်ရက်ကန်းသင်တန်း အခမဲ့ ဖွင့်လှစ်မည်

မြစ်ကြီးနား၊ ဒီဇင်ဘာ ၅

ကချင်ပြည်နယ်အတွင်းရှိ ရက်ကန်းပညာကို စိတ်ဝင်စားသူများအတွက် မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတွင် ဇန်နဝါရီ ၁ ရက်နေ့မှ စတင်၍ လက်ရက်ကန်းသင်တန်းကို ၆ လတာ အခမဲ့ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရက်ကန်း သင်တန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် နေပြည်တော် အသေးစား စက်မှုလက်မှုဦးစီးဌာန ရုံးချုပ်၏ ညွှန်ကြားချက်နှင့်အညီ ဖွင့်လှစ်သင်ကြားပေးခြင်း ဖြစ်သည်။

တိုင်းနှင့်ပြည်နယ် အသီးသီး၏ ရိုးရာအထည်နှင့် အဆင်ဒီဇိုင်းများကို ထိန်းသိမ်းနိုင်ရန်နှင့် မြန်မာအမျိုးသမီးများ ရက်ကန်းလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း အသေးစား စက်မှုလက်မှု ဦးစီးဌာန ပြည်နယ်မှူး ဦးအောင်မောင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ပြည်နယ်နဲ့တိုင်း ၁၅ ခုမှာ သက်ဆိုင်ရာ ပြည်နယ်တွေနဲ့ မျိုးနွယ်စုတွေရဲ့ သက်ဆိုင်ရာ အဆင်ဒီဇိုင်းတွေ ရှိတယ်။ ဒီဟာလေးတွေကို မတိမ်မြုပ်မပပျောက်စေဖို့၊ ဒီ ရက်ကန်းလုပ်ငန်းနဲ့အမျိုးသမီးတွေ အိုးမကွာအိမ်မကွာ ရက်ကန်းလုပ်ငန်းနဲ့ အသက်မွေးဖို့အတွက် ရည်ရွယ်တာပေါ့"ဟု ဦးအောင်မောင်းက ပြောသည်။

ကချင်ပြည်နယ်၏ ရက်ကန်းကုန်ထုတ်လုပ်မှုမှာ တစ်လလျှင် ဝင်ငွေ ကျပ်သိန်း ၃၀၀ ကျော်ခန့်ရှိပြီး တခြားပြည်နယ်များနှင့် နှိုင်းယှဉ်လျှင် ကချင်ပြည်နယ်၏ ရက်ကန်းလုပ်ငန်းမှာ ဝင်ငွေအမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

ယင်း ရက်ယန်းလုပ်ငန်းများနှင့် ရိုးရာအထည်အလိပ်ကို နိုင်ငံတကာမှ စိတ်ဝင်တစားဖြင့် လာရောက်ရင်းနှီးမြှုပ်နှံမှုများရှိသောကြောင့် နိုင်ငံတကာသို့ ထိုးဖောက်ကာ တင်ပို့နိုင်သော အဆင်ဒီဇိုင်းများကို ပို့ချသင်ကြားပေးမည်ဖြစ်ကြောင်း ဦးအောင်မောင်းက ဆက်လက်ပြောသည်။

"ကချင်ပုဆိုးတွေ၊ ကချင်ထမီတွေ တအားကြိုက်ကြတယ်။ ပြီးခဲ့တဲ့တစ်ခေါက်က UK ကနေလည်း ရင်းနှီးမြှုပ်နှံမှုတွေလုပ်ပြီး၊ ဒီကအဆင်ဒီဇိုင်းတွေကို အဆင့်မြင့်တင်ပြီး နိုင်ငံတကာဈေးကွက်ကိုထိုးဖောက်နိုင်အောင် လုပ်နေတယ်။ သင်တန်းတွေလည်း ပို့ချတယ်"ဟု ဦးအောင်မောင်းက ပြောသည်။

ထိုသင်တန်းကို လျှောက်ထားလိုသူများသည် ပညာအရည်အချင်းအနေဖြင့် အနိမ့်ဆုံး အလယ်တန်းအောင်သူများဖြစ်ရမည်ဖြစ်ပြီး ခွင်းချက်အနေဖြင့် ပညာအရည်အချင်း သတ်မှတ်ချက် မမီသော်လည်း အမှန်တကယ် စိတ်ဝင်စားသူများနှင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်မည့်သူများ လျှောက်ထားနိုင်ကြောင်း သိရသည်။

သင်တန်းကို သင်တန်းသား၂၀ ဦး သာ လက်ခံမည်ဖြစ်ပြီး တက်ရောက်ခွင့်ရသော သင်တန်းသားများကို နေစရိတ်၊ စားစရိတ် စီစဉ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်းရှိ စိတ်ဝင်စား၍ လျှောက်ထားလိုသူများအနေဖြင့် လျှောက်လွှာကို ရန်ကြီးအောင်ရပ်ကွက်ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတွင် သွားရောက်ထုတ်ယူပြီး ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကျန်းမာရေးထောက်ခံစာ၊ ပညာရေးထောက်ခံစာနှင့် ဓာတ်ပုံ ၃ ပုံတို့ဖြင့် လျှောက်ထားနိုင်ရုံသာမက အသေးစိတ် အချက်အလက်များကို ဖုန်း ၀၇၄-၂၂၂၅၃ သို့လည်း ဆက်သွယ်မေးမြန်းနိုင်သည်။

Ann/ မျိုးမြတ်မြတ်ပန်




# ကျွဲ၊ နွား လွှတ်ကျောင်းရန် စားကျက်မရှိတော့၍ တနိုင်းဒေသ တောင်သူများက နိုင်ငံတော်သမ္မတထံ စာတင်

မြစ်ကြီးနား၊ ဒီဇင်ဘာ ၆

တနိုင်းမြို့နယ် ဟူးကောင်းချိုင့်ဝှမ်းဒေသရှိ ကျေးရွာ ၇ ရွာမှ ရွာသားများက ၎င်းတို့၏ ကျွဲ၊ နွားများ လွှတ်ကျောင်းရန် စားကျက်မြေနေရာပျောက်ဆုံးနေသဖြင့် တရားဝင် ပြန်လည်သတ်မှတ်ပေးရန် ဒီဇင်ဘာလ ၅ ရက်နေ့က နိုင်ငံတော်သမ္မတထံ စာတင်တောင်းဆိုခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရမှ ဒေသခံရွာသားများ၏ စားကျက်မြေနေရာများအပါအဝင် မြေဧကစုစုပေါင်း ၄၂၉၃၁၀၂ ဒသမ ၉၆ ဧကကိုဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအဖြစ် သတ်မှတ်လိုက်ခြင်းကြောင့် ဒေသခံတောင်သူများ၏ ကျွဲ၊ နွား၊ တိရစ္ဆာန်မွေးမြူထိန်းကျောင်းရန် အခက်အခဲပြဿနာများ ကြုံတွေ့နေရခြင်းကြောင့် စာတင်တောင်းဆိုရခြင်းဖြစ်ကြောင်း သိရသည်။

မြစ်ကြီးနား - တနိုင်းသွားလီဒိုလမ်းတစ်လျှောက်ရှိ ကျေးရွာ ၂၅ ရွာတွင် WCS (Wildlife Conservative Society) ဘေးမဲ့တောမြေနှင့် ယုဇနကုမ္ပဏီ သိမ်းမြေတို့ကြောင့် ဒေသခံတို့ပိုင်ဆိုင်သည့်မြေများ ဆုံးရှုံးခဲ့ရကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်၍ လွှတ်တော် တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများကို တင်ပြခဲ့ကြောင်း၊ နေပြည်တော်သို့ စာတင်ထားသော်လည်း အကြောင်းပြန်ကြားခြင်းမရှိခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတထံ ထပ်မံစာတင်တောင်းဆိုခြင်း ဖြစ်ကြောင်း MRJ ခေါင်းဆောင် ဦးလရှီးအောင်လတ်က မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

"ဒီ ယုဇနကုမ္ပဏီနဲ့ WCS မြေသိမ်းတဲ့ကိစ္စက ဗဟိုနေပြည်တော်ကနေ စီမံခန့်ခွဲတဲ့လုပ်ငန်း ဖြစ်တဲ့အတွက်ကြောင့်မို့ သူတို့အနေနဲ့ ပြည်နယ်ကနေ ဘာမှလုပ်မပေးနိုင်ဘူးလို့ ပြောတယ်။ ဒါကြောင့်မို့ နိုင်ငံတော်သမ္မတဆီ စာတင်ရတာဖြစ်တယ်"ဟုပြောသည်။

နိုင်ငံတော်သမ္မတထံ စာတင်တောင်းဆိုသည့် ကျေးရွာများမှာ လဂျားဘွမ်၊ ဒရိန်ကောင်ရာ၊ နောင်းလုန်ကောင်ရာ၊ တိန်ကောက်၊ ဝါရာဇွပ်၊ နှောင်းမီနှင့် မန်ပန်ကျေးရွာများ ဖြစ်ကြောင်း သိရသည်။




"ကျွန်တော်တို့က ကျွဲ၊ နွားတွေကို အဓိကထားပြီး အသက်မွေးဝမ်းကြောင်း ပြုတာဖြစ်တယ်။ ဒါနဲ့ပဲ လုပ်ကိုင်စားသောက်တဲ့ သူတွေဖြစ်တဲ့အတွက်ကြောင့် စားကျက်မြေနေရာကို ကျကျနန မလုပ်ရင်တော့ ကျွဲ၊ နွား ပြဿနာတွေ အမျိုးမျိုးဖြစ်တာကြောင့် ဒါကို တရားဝင် နိုင်ငံတော်အစိုးရကနေ သတ်မှတ်ပေးဖို့ လိုလားတယ်"ဟု ဝါရာဇွပ်ကျေးရွာမှ တောင်သူ ဦးတန်ဂွန်းက ပြောသည်။

ဟူးကောင်းချိုင့်ဝှမ်း လီဒိုလမ်းမတစ်လျှောက်ရှိ ရွာသားများက ၎င်းတို့ ကျွဲနွားများအတွက် စားကျက်မြေနေရာများ တရားဝင်သတ်မှတ်ပေးရန် နိုင်ငံတော်သမ္မတထံ ပထမဆုံးအကြိမ်စာတင်တောင်းဆိုခြင်း ဖြစ်သည်။

လဖိုင်လု

# ကျေးရွာအုပ်ချုပ်ရေးမှူး တစ်ဦးကို တစ်လင်တစ်မယားဥပဒေ ဖောက်ဖျက်မှုဖြင့် အမှုဖွင့်

မြစ်ကြီးနား၊ ဒီဇင်ဘာ ၅

ဖားကန့်မြို့နယ်၊ ဆိပ်မူ ကျေးရွာအုပ်စု၊ ဆိုင်းတောင်ကျေးရွာ အုပ်ချုပ်ရေးမှူးကို တစ်လင်တစ်မယား ဥပဒေ ပုဒ်မ ၁၃ ဖြင့် နိုဝင်ဘာလ ၂၇ ရက်က အမှုဖွင့်တိုင်တန်းခဲ့သည်ဟု ဖားကန့်မြို့မရဲစခန်းမှ သိရသည်။

ဆိုင်းတောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမခေါ်ဒီးလာသည်ဇနီးဖြစ်သူခရီးထွက်သွားစဉ် နောက်ထပ်အိမ်ထောင်တစ်ခု ကို ထူထောင်ခဲ့သည်ဟု ဇနီးဖြစ်သူ ဒေါ်အတာမိုးက စွပ်စွဲကာ အမှုဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်မကိုတရားဝင်ကွာရှင်းထားတာ မရှိသေးဘူး။ ကျွန်မတို့ ပေါင်းလာတာ အနှစ်နှစ်ဆယ်ရှိပြီ။ ကျွန်မ စက် သွားချုပ်နေတဲ့အချိန် နောက်ယူထားတဲ့မိန်းမကို အိမ်ပေါ်မှာခေါ်တင်ထားတာ"ဟု အထက်ပါအုပ်ချုပ်ရေးမှူး၏ တရားဝင်ဇနီးဖြစ်သူ မအတာမိုးက မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

ယင်းအပြင် ယခင်ပေါင်းသင်းနေထိုင်စဉ်ကလည်း ၎င်းအပေါ် ရုပ်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်မှုများနှင့် ဂုဏ်သိက္ခာထိခိုက်စေသည့် စွပ်စွဲပြောဆိုမှုများလည်း ပြုလုပ်ခဲ့ကြောင်း ဒေါ်အတာမိုးက ဆက်လက်ပြောဆိုသည်။

လက်ရှိအချိန်တွင် အမှုဖွင့်ခံထားရသူ ဦးမခေါ်ဒီးလာမှာ ထွက်ပြေးတိမ်းရှောင်နေကြောင်းသိရပြီး ဇနီးဖြစ်သူကမည်သည့်ညှိနှိုင်းမှုမျိုးကိုမျှ လက်ခံစဉ်းစားမည် မဟုတ်ဘဲ အမြန်ဆုံး ဖမ်းဆီးပေးရန် တောင်းဆိုသွားမည်ဟု ဆိုသည်။

"ကျွန်တော်တို့ ဖမ်းဆီးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးကိုလည်း အကြောင်းကြားထားပြီးပါပြီ"ဟု အမှုစစ် ဒုရဲအုပ်သန်းမောင်က ပြောသည်။

လစ်လပ်သွားသည့် အုပ်ချုပ်ရေးမှူးနေရာတွင် အစားထိုး ခန့်အပ်နိုင်ရေးအတွက် ဆောင်ရွက်နေဆဲဖြစ်ကြောင်း ဖားကန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်ထံမှသိရပြီး ဖားကန့်မြို့နယ်မှ ရဲမှူးတစ်ဦးကိုလည်း ယင်းဥပဒေဖြင့် အမှုဖွင့်လှစ်ထားကြောင်းလည်း သိရသည်။

တစ်လင်တစ်မယားဥပဒေသည် သမ္မတဦးသိန်းစိန်လက်ထက်က ၂၀၁၃ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ဥပဒေအရ တရားဝင် ထိမ်းမြားပြီးသည့် ယောကျ်ား(သို့) မိန်းမတို့သည် ထိမ်းမြားမှု တည်မြဲနေဆဲကာလအတွင်း ဤဥပဒေ အာဏာတည်သည့်နေ့မှစ၍ အခြားတစ်ဦးနှင့် ထိမ်းမြားခြင်း မပြုရ၊ လင်မယားအဖြစ် နေထိုင်ပေါင်းသင်းခြင်း မပြုရဟု တားမြစ်ဖော်ပြပါရှိသည်။

စည်သူ(မြစ်ကြီးနား)

# ယခုနှစ်အတွင်း ပမ္မတီးသို့ရောက်လာသော တနိုင်းစစ်ရှောင်များ ခက်ခဲနေဆဲ

ဒီဇင်ဘာ ၇

မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်မှ စစ်ရှောင်ပြည်သူများမှာ မိုးကာတဲဖြင့် နေထိုင်နေရ၍ အအေးဒဏ်ကို ခံစားနေရပြီး သောက်သုံးရေလည်း အခက်အခဲဖြစ်နေကြောင်း သိရသည်။

အရေအတွက်အားဖြင့် အိမ်ထောင်စု ၂၈ စု၊ လူဦးရေ ၁၅၆ ယောက်ရှိသည့် ယင်း စစ်ရှောင်များသည် ယခုနှစ် ဩဂုတ်လအတွင်းက နမ္မတီးတိုက်နယ်၊ ကံလှရွာရှိ AG အသင်းတော်မှ ပမ္မတီးသို့ ပြောင်းရွှေ့ရောက်ရှိ လာကြသူများဖြစ်ပြီး လတ်တလောတွင် မိုးကာတဲများဖြင့် နေထိုင်နေကြသူများဖြစ်သည်။

သောက်သုံးရေအတွက် ဘုံပိုင်နှစ်ခုရှိသော်လည်း စခန်းအတွင်းရှိ ဘုံပိုင်တစ်ခုမှာ ပျက်နေ၍ အခက်အခဲဖြစ်နေရကြောင်း စခန်းတာဝန်ရှိသူ ဦးလဒန်နော်ထံမှ သိရသည်။

"ဘုံပိုင်က ဝါရှာပဲ လဲနေရတယ်။ ခဏခဏပျက်တော့ အားလုံးကခက်ခဲရတယ်။ မိုးကာတဲကလည်းတစ်ထပ်တည်း အရမ်းပါးတော့ နှင်းစက်တွေကယိုကျနေတာလေ။ အခုဆန်တွေလည်းကုန်နေပြီ ခက်ခဲနေတယ်။ KMSS က ဒီဇင်ဘာလမှာ အိမ်ခန်းတွေ ပြုလုပ်ပေးဖို့ လာကြည့်ပေမယ့် အခုချိန်ထိတော့ လာလုပ်မပေးသေးဘူး" ဟု ပြောသည်။

၎င်းတို့ လက်ရှိနေထိုင်နေသည့် မိုးကာတဲများမှာ နမ္မတီးတွင် ခိုလှုံခဲ့စဉ်က ICRC မှ ကူညီထားသည့် မိုးကာတဲများနှင့် ဒေါက်တာစုစုဝင်းနှင့် ပြင်သစ်အဖွဲ့တို့ အိမ်ထောင်စု ၇ ခုအတွက် ကူညီထားသည့် မိုးကာတဲများကို ခွဲဝေယူကာ နေထိုင်နေကြခြင်း ဖြစ်ကြောင်း သိရသည်။

ထိုစစ်ရှောင်စခန်းရှိ ပြည်သူများသည် နမ္မတီးကံလှကျေးရွာ AG အသင်းတော်မှ မြစ်ကြီးနားမြို့၊ ပမ္မတီးနယ်မြေ (၅)သို့ ပြောင်းရွှေ့လာသူများဖြစ်ကြပြီး ၎င်းတို့ကို ပြည်နယ်အစိုးရမှ အသိအမှတ်ပြုပေးရန်အတွက် ယခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့ကတစ်ကြိမ်၊ ဒီဇင်ဘာလ ၆ ရက်နေ့က တစ်ကြိမ် တင်ပြတောင်းဆိုခဲ့ကြောင်း ဦးလဒန်နော်က ပြောသည်။

၎င်းတို့၏ ပထမအကြိမ်တင်ပြမှုကြောင့် အောက်တိုဘာလ ၃၀ ရက်နေ့က မြို့နယ်အုပ်ချုပ်ရေးရုံးမှ တာဝန်ရှိသူများ၊ မြို့နယ် လဝကမှ တာဝန်ရှိသူများ ရောက်ရှိလာပြီး ပမ္မတီးရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် စိစစ်မှုများ ပြုခဲ့သော်လည်း တစ်စုံတရာအကြောင်းပြန်ကြားခြင်း မရှိသေးဟု ဆိုသည်။

စစ်ရှောင်ပြည်သူများသည် ဧပြီလအတွင်းက တနိုင်းမြို့နယ်တွင် ဖြစ်ပွားသော တိုက်ပွဲများကြောင့် ကဆုန့်ဒေသ၊ ခါနန်ရွာတို့မှ ပြောင်းရွှေ့လာကြသူများဖြစ်ပြီး နမ္မတီးမြို့ ကံလှ AG အသင်းတော်တွင် လေးလခန့်ခိုလှုံခဲ့ကာ မြစ်ကြီးနားသို့ ပြောင်းရွှေ့လာကြသူများဖြစ်သည်။

လဖိုင်လု

# မြစ်ကြီးနား–မန္တလေး ရထားလမ်းတွင် အဆင့်မြင့် လေအိတ်ရထား ပြေးဆွဲမည်

မြစ်ကြီးနား ဒီဇင်ဘာ ၅

မြစ်ကြီးနား - မန္တလေး ရထားလမ်းတွင် ၂၀၁၈ ခုနှစ် မကုန်မီကာလအတွင်း အဆင့်မြင့် လေအိတ် ရထားတစ်စီး စတင်ပြေးဆွဲသွားမည် ဖြစ်ကြောင်း သိရသည်။

လေအိတ်ရထား၌အထက်တန်းတွဲ ၂၇ ခုံနှင့် ရိုးရိုးတန်း ၆၈ ခုံပါဝင်မည်ဖြစ်ကြောင်း သိရပြီး ရထားပြေးဆွဲမည့် အချိန်နှင့် လက်မှတ်တန်ဖိုးများကို စိစစ်တွက်ချက်နေဆဲ ဖြစ်ကြောင်း မြန်မာ့မီးရထား တိုင်းမန်နေဂျာဦးကြည်ဝင်းထံမှ သိရသည်။

"နောက်ဆုံးရတဲ့ သတင်းကတော့ ဒီရထားက အချိန်စာရင်းတစ်ခုနဲ့ ရထားတစ်စင်း ပြေးဆွဲသွားမယ်"ဟု ဦးကြည်ဝင်းက မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

လက်ရှိ ပြေးဆွဲနေသည့် ရထားများကို လျှော့ချသွားမည်မဟုတ်ဘဲ ကချင်ပြည်နယ်အတွက် နောက်ထပ် ရထားတစ်စင်း ထပ်တိုးလိုက်ခြင်းဖြစ်ကြောင်း၊ မြစ်ကြီးနား-မန္တလေး ရထားလမ်းပိုင်းသည် လူသုံးများသော ရထားလမ်းပိုင်းဖြစ်သဖြင့် ခရီးသွားများအဆင်ပြေစေရန် မြန်မာနိုင်ငံတွင် ဒုတိယ ဦးစားပေးအနေဖြင့် လုပ်ဆောင်နေကြောင်း သိရသည်။

အဆိုပါ လေအိတ်ရထားကို အချိန်စာရင်းအသစ်ဖြင့် ပြေးဆွဲမည် ဖြစ်သည့်အပြင် လက်ရှိပြေးဆွဲနေသော ရထားများထက် အချိန် ပိုမိုမြန်ဆန်အောင် ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဘူတာတချို့တွင် ရပ်နားမည် မဟုတ်ကြောင်းလည်း သိရသည်။

ယင်း လေအိတ်ရထားကို ရန်ကုန် - မန္တလေး မီးရထားလမ်းပိုင်းတွင် ၂၀၀၄ ခုနှစ်က တစ်ကြိမ်၊ ၂၀၀၆ ခုနှစ်က တစ်ကြိမ် ထုတ်လုပ်ကာ ယနေ့အချိန်ထိ အသုံးပြုပြေးဆွဲနေကြောင်း သိရသည်။

လေအိတ်ရထားဖွင့်လှစ်ပွဲကိုပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်အစိုးရ၊ လမ်းပန်းဆက်သွယ်ရေး -လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး တို့က ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

Ah Je

# မြေစာပုံ ပြိုကျမှုကြောင့် ဖားကန့် တွင် လူတစ်ဦးသေဆုံး

ဒီဇင်ဘာ ၆

ဖားကန့်မြို့နယ်၊ မရှီကထောင်ရပ်ကွက် အနီးရှိ လုံးခင်း-ဂျန်ဂတ် လမ်းရှိ လွယ်ဂျောင်ကျောက်စိမ်းမှော်တွင် ဒီဇင်ဘာလ ၆ ရက်နေ့နံနက်က စွန့်ပစ်မြေစာပုံဟောင်း ပြိုကျမှုကြောင့် လူတစ်ဦးသေဆုံးသွားခဲ့ကြောင်း သိရသည်။

ယင်းပြိုကျမှုကြောင့် တစ်ပိုင်တစ်နိုင် ကျောက်စိမ်းတူးသူ လေးဦးအနက် မြေစာပိခဲ့ရာမှ အင်းတော်မြို့နယ် မောင်စိန်ဦး အသက် ၃၆ နှစ်မှာ မြေစာပိရင်း သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု မရှီကထောင်ရပ်ကွက်မှ အမျိုးသားဒီမိုကရေအဖွဲ့ချုပ် တာဝန်ခံဦးမင်းမင်းစိုးမှ ပြောသည်။

ပြိုကျခဲ့သည့် ယင်းမြေစာပုံသည်ယခင်က ယူနတီကျောက်မျက်တူးဖော်ရေး ကုမ္ပဏီ၏ သက်တမ်းကုန်လုပ်ကွက်ဖြစ်ပြီးကျောက်တူးသမားများအား တစ်ပိုင်တစ်နိုင်တူးဖော်နိုင်ရန် စီစဉ်ချထားပေးမည့် နေရာဖြစ်သည်။

ထိုသို့ အစိုးရမှ နေရာမသတ်မှတ်မီ တရားမဝင် ဝင်ရောက်တူးဖော်မှုများကြောင့် သေဆုံးခဲ့ရခြင်း ဖြစ်သည်ဟု ဖားကန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်မှ ပြောသည်။

"မြေစာပုံအဟောင်း ပြိုကျတာလို့ သိရတယ်။ တစ်ယောက်တော့ ဆုံးသွားတယ်။ သုံးယောက်ကတော့ ဒဏ်ရာရရုံပဲ။ ဖားကန့်ဆေးရုံကိုပို့ထားပါတယ်။ မစိုးရိမ်ရဘူးလို့လည်း သိရပါတယ်"ဟု ဦးကျော်စွာအောင်က ဆိုသည်။

ဖားကန့်မြို့နယ်အတွင်း ၂၀၁၀ ခုနှစ် ဦးသိန်းစိန် အစိုးရတက်လာသည့် နောက်ပိုင်းတွင် စက်ယန္တရားကြီးများဖြင့် အလွန်အကျွံ တူးဖော်မှုများကြောင့် ကမ်းပါးပြိုကျမှု၊ မြေပြိုမှု၊ မြေစာပြိုမှုများ မကြာခဏဆိုသလို ဖြစ်ပွားလေ့ရှိပြီး ယခု ၂၀၁၈ ခုနှစ်အတွင်း လူပေါင်းရာနှင့်ချီသေဆုံးခဲ့ရပြီး ဖြစ်သည်။

ဇော်မိုးထက် (ဖားကန့်)

# ဝိုင်းမော်မြို့နယ်တွင် တောင်သူများ မြေအငှားချထားမှု များပြားနေခြင်းမှာ မိုးရွာသွန်းမှုပုံစံ ပြောင်းလဲလာခြင်းကြောင့်ဟုဆို



ဒီဇင်ဘာ ၅

ဝိုင်းမော်မြို့အနီးရှိဒေသခံ တောင်သူများသည် ရာသီဥတု ပြောင်းလဲလာပြီး မိုးရွာသွန်းမှု ပုံစံပြောင်းလဲလာခြင်းကြောင့် မိရိုးဖလာ လုပ်ကိုင်ခဲ့သည့် စိုက်ပျိုးမြေများကို ကိုယ်တိုင် စိုက်ပျိုးသူနည်းပါးလာပြီး အငှားချစားမှု များလာကြောင်း မြေအငှားပေးထားသည့်တောင်သူများထံမှ သိရသည်။

ယခင်က ရာသီအလိုက် လုပ်ကိုင်ခဲ့ကြသည့် သီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို ဆက်လက်မလုပ်ကိုင်နိုင်တော့ဘဲ ပိုင်ဆိုင်သည့်မြေများကိုတရုတ်နိုင်ငံမှ တစ်သျှူးငှက်ပျောစိုက်ကုမ္ပဏီများထံ မြေအငှားပေးကာ တစ်လုံးတစ်ခဲတည်းရရှိလာသည့် ငွေဖြင့် မိသားစုအရေးများကို ဖြေရှင်းကြသည်ဟု ဒေသခံများက ဆိုသည်။

“ရာသီဥတုကလည်း မကောင်းဘူးဆိုတော့ ကျွန်တော်ဆို မြေအားလုံးနီးပါး အငှားချထားလိုက်တာ။ နှစ်တိုင်းလိုလိုပဲ သီးနှံတွေပျက်တာက များလာတယ်။ ကျွန်တော်တို့ဘက်တွေတော့ အားလုံးနီးပါး ဒီလိုပဲ ငှားလိုက်ကြတာပါပဲ။ တစ်နှစ်မှာ အရင်းရလိုက်၊ နောင်နှစ်ရှုံးလိုက်နဲ့ စိုက်ပျိုးရတာ မကိုက်တော့ဘူး။ ကြာတော့ စိတ်ဓာတ်တွေလည်းကျလာတယ်။ မြေငှားလိုက်တာက သေချာတယ်လေ။ စိုက်ပျိုးလို့ နည်းနည်းကောင်းတဲ့ နုန်းမြေ တစ်ကွက်နှစ်ကွက်လောက်ပဲ ချန်ထားပြီး အားလုံးကိုငှားလိုက်တယ်” ဟုဝိုင်းမော်မြို့နယ်၊ ဥူးလောက်ကျေးရွာမှ ဦးကျော်လွင်က ပြောသည်။

မကြာခဏဆိုသလို မိုးကြီးခြင်း၊ အပူရှိန်မြင့်မားခြင်း၊ အအေးလွန်ကဲခြင်းများ ကဲ့သို့သော ရာသီဥတု ဖောက်ပြန်ခြင်းများကြောင့် ယခင်က ရာသီအလိုက်စိုက်ပျိုး ဖြစ်ထွန်းခဲ့သည့် စပါး၊ ဂျုံ၊ မုန့်ညှင်း၊ ပန်းနှမ်း၊ နေကြာ အစရှိသည့် စိုက်ပျိုးသီးနှံများမှာလည်း အောင်မြင်ဖြစ်ထွန်းခြင်း မရှိတော့ကြောင်း တောင်သူများက သုံးသပ်ပြောဆိုကြသည်။

“ရာသီဥတုကတော့ ပြောင်းလာတယ်။ ဟိုတုန်းကနဲ့တော့ မတူတော့ဘူး။ ဟိုတုန်းကလိုစိုက်မရတော့ဘူး။ အပင်တွေ သေသေကုန်တာမျိုးတွေ ဖြစ်တယ်”ဟုလည်း လမြန်ကျေးရွာသား ဦးလကျန်က ပြောသည်။

တောင်သူအများစုသည် လယ်ယာစိုက်ပျိုးရေးအတွက် ရာသီဥတုကိုသာ အဓိကအားထားနေရသည့်အတွက် မိုးရွာသွန်းမှုပုံစံများ သိသိသာသာ ပြောင်းလဲလာခြင်းက မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းများကို ရပ်တန့်သွားစေသည့် အကြောင်းပြချက်တစ်ခု ဖြစ်နေသည်။ လမြန်ရွာသစ်ကြီး၊ ဥူးလောက်၊ စန်းကားအစရှိသည့် ကျေးရွာများရှိ စိုက်ပျိုးမြေ သုံးပုံနှစ်ပုံခန့်မှာ တရုတ်ကုမ္ပဏီများ လက်ထဲရောက်ရှိနေသည်ဟုဒေသခံတို့၏အဆိုအရသိရသည်။

“ဘာ တွေ့လာရလဲဆိုတော့ သီးနှံတွေ မအောင်တာကများတယ်။ အောင်တာလည်းရှိတယ်။ မိုးကမမှန်တော့ တကယ် သီးနှံအောင်မယ့်အချိန်မှာမိုးကမရွာတော့ဘူး။ ရေဝတ်ခဲ့တဲ့ သီးနှံကျတော့လည်း ဈေးကမရဘူး။ နောက်ဆုံးတော့ ငှက်ပျောစိုက်တဲ့ တရုတ်တွေကိုပဲ မြေငှားစားလာကြတော့တာပဲ။ ကျွန်တော်ကိုယ်တိုင်လည်း တစ်ဧက နှစ်သိန်းနဲ့ ငှားစားထားတာပဲ”ဟု ဝိုင်းမော်မြို့နယ် ရွာသစ်ကြီးကျေးရွာမှ မြေအငှားချထားသူ အောင်မိုးက ပြောသည်။

ယခု နောက်ပိုင်းတွင် ကချင်ပြည်နယ်အတွင်း မိုးရွာသွန်းမှုပုံစံများ သိသိသာသာ ပြောင်းလဲလာပြီး စံချိန်တင်မိုးကြီးခြင်းများ ဖြစ်ပေါ်လာကာ မိုးရာသီမှာလည်း တိုတောင်းလာသည်ဟု ပြည်နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ထိုက်က သုံးသပ်ပြောဆိုသည်။

“မိုးရွာတဲ့ ပုံစံတွေပြောင်းလာတယ်။ မိုးရေချိန်လက်မကျတော့ သိပ်မကွာဘူးဗျ။ အရင်က မိုးရာသီဆိုရင်တစ်လအတွင်းမှာ မိုးရွာတဲ့ရက်က ရက်ပေါင်းနှစ်ဆယ် ဖြစ်ရင်ဖြစ်မယ်။ တဖွဲဖွဲနဲ့ တစ်နေကုန် ရွာချင်ရွာမယ်။ အခုက မိုးရာသီမှာမိုးရွာတဲ့ ရက်တစ်ပတ်လောက်ပဲ ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ ရွာရင်အသည်းအသန် ရွာချလိုက်တာမျိုးပေါ့” ဟုလည်း ဦးတင်ထိုက်က ရှင်းပြပြောဆိုသည်။

ဝိုင်းမော်မြို့နယ်၊ လမြန်ကျေးရွာတွင် တစ်သျှူးငှက်ပျောစိုက်ဧကပေါင်း နှစ်ထောင်ကျော်နှင့် ရွာသစ်ကြီး၊ ဥူးလောင်၊ စန်းကား စသည့်ကျေးရွာတွေမှာ ဧကပေါင်း ၉၆၀၀ ကျော်ရှိကာဝိုင်းမော်မြို့နယ် တစ်ခုလုံးတွင် တစ်သျှူးငှက်ပျောစိုက် ဧကပေါင်း ၂၈၀၀၀ ကျော်တွင် ငှက်ပျောစိုက်ကုမ္ပဏီ ၂၀ ကျော်က စိုက်ပျိုးနေကြောင်းလည်း မြေယာအရေး ဆောင်ရွက်နေသည့် ဒေသခံရှေ့နေတစ်ဦးထံမှ သိရသည်။

ဇော်မိုးထက်(ဖားကန့်)၊
စည်သူ(မြစ်ကြီးနား)

# မိုးညှင်းခရိုင်အတွင်း သိမ်းဆည်းထားသည့် မြေဧက သုံးရာကျော်ကို တပ်မတော်က ပြန်လည် စွန့်လွှတ်ပေးအပ်

မိုးညှင်း၊ ဒီဇင်ဘာ ၆

မိုးညှင်းခရိုင်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သိမ်းယူထားသော မြေဧက သုံးရာကျော်ကို ဒီဇင်ဘာလ ၆ ရက်နေ့က မူလတောင်သူများထံ ပြန်လည်ပေးအပ်ခဲ့ရာ ယင်းအခမ်းအနားသို့ နိုင်ငံတော်ဒုတိယသမ္မတ(၂) ဦးဟင်နရီဗန်ထီးယူ တက်ရောက်ခဲ့သည်။

စုစုပေါင်း ၃၃၃ ဒသမ ၅၇ ဧကကို မူလတောင်သူ ၃၉ ဦးထံ ယာယီလုပ်ကိုင်ခွင့် လက်မှတ်ပုံစံ(၃)နှင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇) တို့နှင့်တကွ မိုးညှင်းမြို့တော်ခန်းမတွင် ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စား အမှတ်(၄၀၈) အမြောက်တပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်နိုင်က မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်တို့မှ တောင်သူများ၏ မြေပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများကို ခရိုင်ခေတ္တအုပ်ချုပ်ရေးမှူးထံမှတစ်ဆင့် လွှဲပြောင်းပေးအပ်ခဲ့ပြီး ကိုယ်စားလှယ် တောင်သူခုနှစ်ဦးကို ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ပြည်နယ်အစိုးရ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြန်လည်ပေးအပ်ပွဲအခမ်းအနားတွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုသမ္မတ ဦးဟင်နရီဗန်ထီးယူက လမ်းညွှန်အမှာစကား ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြန်လည်စွန့်ပစ်မြေများ၏ ယာယီလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ (၃) နှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)တို့ ပေးအပ်ခြင်းအကြောင်းကို ရှင်းလင်းခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ပြီးနောက် ဒုသမ္မတက တက်ရောက်လာသော ဒေသခံတိုင်းရင်းသားများအား လိုက်လံနှုတ်ဆက်ကာ ရဟတ်ယာဉ်ဖြင့်မြစ်ကြီးနားသို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရသည်။

ထွန်းထွန်း(မိုးညှင်း)



မြစ်ကြီးနားသတင်းဂျာနယ်
( ဒီဇင်ဘာ ၁၀ ၊ ၂၀၁၈ )

# ဖုန်ခရမ်ရာဇီသို့ တစ်ခေါက်

Salai ရေးသားသည်




ဒီဇင်ဘာ ၆

ပူတာကိုဒေသမှာရှိတဲ့ တောင်တန်းအချို့ကတော့ ဒီလိုအေးမြတဲ့ဆောင်းရာသီမှာ ရေခဲတွေ ဖုံးလွှမ်းနေပါပြီ။ ပူတာအိုဒေသမှာဆိုရင် အများဆုံးတက်ကြတဲ့ ရေခဲတောင် ၃ ခုရှိပါတယ်။ ဒါတွေကတော့ ဖုန်ကန်ရာဇီတောင်၊ ဖုန်ရင်ရာဇီနှင့် ဖုန်ခရမ်ရာဇီတို့ပဲ ဖြစ်ပါတယ်။

ဖုန်ခရမ်ရာဇီက အမြင့်ပေ ၁၄၂၀၀၊ ဖုန်ရင်ရာဇီမှာ ၁၄၀၀၀ ပေ ၊ ဖုန်ကန်ရာဇီမှာ ၁၁၉၂၀ ပေ ရှိပါတယ်။ ဒီရေခဲတောင် ၃ ခုကို ပူတာမြို့ကနေသွားမယ်ဆိုရင် ဖုန်ခရမ်ရာဇီကို ၁၄ရက်ခရီး သွားရပြီး ဖုန်ရင်ရာဇီကို ၁၃ ရက်ညအိပ် ၁၄ ရက်ခရီးသွားရပါတယ်။ ဖုန်ကန်ရာဇီကတော့ ၁၀ ရက် ခရီးစသဖြင့် သွားလာရပါတယ်။ ဒီ ရေခဲတောင်တွေထဲမှာ ဖုန်ရင်ရာဇီနဲ့ ဖန်ခရမ်ရာဇီတောင်တွေကတော့ ဖုန်ကန်ရာဇီထက် သွားလာရပိုခက်ခဲပြီး ရက်လည်းပိုကြာပါတယ်။ ဖုန်ကန်ကတော့ ရေခဲတောင်တက်ခရီးသွားလိုတဲ့ ခရီးပြည်သူလူထုအတွက် အသက်အန္တရာယ်မရှိဘဲ သွားလာရအဆင်အပြေဆုံး ရေခဲတောင်ပါ။ ဒီဖုန်ကန်ရာဇီရေခဲတောင်ခရီးစဉ်အကြောင်းကို မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်အနေနဲ့ စေလွှတ်ခဲ့လို့ကျွန်တော်သွားရောက်ခဲ့တဲ့ အကြောင်း စာဖတ်ပရိသတ်တွေအတွက် ပြန်ပြီးဝေမျှပေးချင်ပါတယ်။ ဖုန်ကန်ရာဇီရေခဲတောင်ကို သွားမယ်ဆိုရင်တော့ ပူတာအိုမြို့ပေါ်ကနေ ၁၀ ရက်ခရီးနဲ့ သွားရပါတယ်။ ဒီလမ်းခရီးမှာ လှပတဲ့ တောတောင်တွေ၊ မြစ်ချောင်းတွေနဲ့ အအေးပိုင်းမှာသာ ပေါက်ရောက်လေ့ရှိတဲ့ သစ်ပင်ပန်းပင်တွေမျိုးစုံကို တွေ့မြင်ရမှာပါ။

ပူတာအိုမြို့ကနေ ဆိုရင် အထက်ဆန်ဂေါင်ကျေးရွာအထိ ၁၀ မိုင်ကွာဝေးပြီး ယင်းကျေးရွာအထိကို ကားနဲ့သွားနိုင်ပါတယ်။ အထက် ဆန်ဂေါင်ကနေဆိုရင်တော့ ခြေလျင်နဲ့ ခရီး စနှင်ရပါတော့တယ်။ အထက်ဆန်ဂေါင်ကနေ ဝန်ဆန်ဒမ်းကျေးရွာ၊ ဝါဆန်ဒမ်းကနေမှ ဇီးယာဒမ်းကျေးရွာ၊ ဇီယာဒမ်းကျေးရွာကနေပြီးတော့ချောင်းဆုံ၊ သစ်ပင်ကြီးစခန်း၊ ခန်းသောက်မြစ်၊ ရေခဲစပ် စတဲ့ တောစခန်းတွေမှာ အနားယူပြီး သွားလာရပါတယ်။ ပူတာအိုမြို့ပေါ်ကနေဆိုရင် ဖုန်ကန်ရာဇီဟာ ၅၃ မိုင်ခန့် ကွာဝေးပါတယ် ဖုန်ခရမ်၊ ဖုန်ရင်၊ ဖုန်ကန် စတဲ့ ရေခဲတောင်ကို သွားမယ်ဆိုရင်လည်း ဇီယာဒမ်းကျေးရွာအထိ တစ်လမ်းတည်းသွားရပြီး၊ ဇီယာဒမ်း ကျေးရွာကနေပဲ လမ်းကြောင်းတွေ ပြန်ခွဲသွားတာပါ။

ပူတာအိုကနေ အထက်ဆန်ဂေါင်အထိ ၁၀မိုင်၊ အထက်ဆန်ဂေါင်ကနေ ဝန်ဆန်ဒမ်းအထိက ၁၂ မိုင်၊ ဝန်ဆန်ဒမ်းကနေ ဇီယာဒမ်းကျေးရွာအထိ ၉ မိုင်ကွာဝေးပြီး ဇီယာဒမ်းကျေးရွာကနေဆိုရင်တော့ ဖုန်ကန်ရာဇီရေခဲတောင်ထိကို ကျေးရွာမရှိတော့ပဲတောစခန်းတွေကို ဖြတ်ကျော်ရမှာဖြစ်ပြီး အဲဒီကျေးရွာကနေ ရေခဲတောင်အထိကို ၂၂ မိုင်လောက် ဝေးပါတယ်။

ဒီ ၅၃ မိုင်အကွာခရီးစဉ်ကနေ ဘယ်လိုခရီးဆက်ရမလဲဆိုရင် အထက်ဆန်ဂေါင်ကျေးရွာကနေ စထွက်တဲ့အချိန်မှာ ကျောက်စိမ်းတောင်လို့ခေါ်တဲ့ တောင်ကို စပြီး ခြေလျင်သွားရတာပါ။

တောင်ပေါ်ကနေ ဆိုရင် နေသာတဲ့နေ့မျိုးမှာ ပူတာအိုမြို့ကို လှမ်းမြင်ရပြီး တောင်အောက်မှာ တိမ်တွေရှိနေတာကြောင့် အလွန်ကို လှပတဲ့ ရှုခင်းကို မြင်တွေ့ရပါတယ်။ ကျွန်တော်တို့ ကျောက်စိမ်းတောင်ကနေ မနက် ၉နာရီမှာ စထွက်ခဲ့ကြပြီး တောင်အတက်အဆင်းလမ်းခရီးဖြစ်တာကြောင့် ညနေ ၅ နာရီခွဲလောက်ပဲ ဝါဆန်ဒမ်းကျေးရွာကို ရောက်ပါတယ်။ အဲဒီရွာမှာ ညအိပ်ရမှာပြီး ဒုတိယရက်မှာတော့ ဇီယာဒမ်းကျေးရွာကို ၉ မိုင်လောက်ခရီး ဖြစ်ပါတယ်။ ဝါဆန်ဒမ်းကျေးရွာက မနက် ၉ နာရီ စထွက်ကြပြီး တောင်အတက်အဆင်းသိပ်မရှိဘူးလို့ဆိုရမှာပါ။ မြေပြန့်လမ်းလျှောက်ရတာ ပိုများပါတယ်။ ဇီယာဒမ်းကျေးရွာကို ညနေ ၃ နာရီလောက်မှာ ရောက်ပါတယ်။ အဲဒီရွာမှာ တစ်ည ပြန်အိပ်ရမှာပါ။ ဇီယာဒမ်းရွာကနေဆိုရင် ရေခဲတောင်တွေကို ထင်ထင်ရှားရှား မြင်တွေ့ရပါပြီ။ ဇီယာဒမ်းကနေ တောလမ်းတွေ စပြီးသွားရတာကြောင့် တောင်အတက်တွေ များပြားပေမယ့် အနားယူမယ့် တောစခန်းတွေ လမ်းတစ်လျှောက်မှာရှိတာကြောင့် ကျွန်တော်တို့ အဆင်ပြေတဲ့နေရာမှာ အနားယူ စခန်းချလို့ ရပါတယ်။ ချောင်းဆုံ၊ အထက်သစ်ပင်ကြီး စခန်း၊ အောက်သစ်ပင်ကြီး၊ ခမ်းတောက်မြစ်စခန်း၊ အထက်ရေခဲစပ်၊အောက်ရေခဲစပ် စခန်း စသဖြင့်ရှိပါတယ်။။ ကျွန်တော်တို့ကတော့အောက်သစ်ပင်ကြီးစခန်းမှာ စခန်းချပြီး နောက်တစ်ရက်မှာ အထက်ရေခဲစပ်စခန်းအထိ ခရီးဆက်ခဲ့ကြပါတယ်။ မိုင် ၂၂မိုင်ဝေးကွာတဲ့ဒီတောလမ်းခရီးမှာတော့ သစ်ခွပန်းပင်များ၊ အနီ၊ အဝါ စသဖြင့် အရောင်စုံတဲ့ ရွက်လှပင်တွေ ၊ တောင်ဇလပ်ပင်တွေနဲ့ သစ်ပင်တွေမှာ ရေညှိတွေ ကပ်နေတာတွေကို တွေ့ရပါတယ်။ ရေခဲစပ်စခန်းကနေစပြီး ရေခဲတွေ စပြီး မြင်တွေ့ရပါတယ်။ အအေးဓာတ်ကလည်း တဖြည်းဖြည်း ပိုပြီးတိုးလာပါတယ်။ ရေခဲတွေ စတွေ့ရလိုက်တော့ လျှောက်လှမ်းလာခဲ့တဲ့ ပင်ပန်းမှုတွေ၊ အမောတွေ တစ်ဝက်ပြေစေပါပြီ။ ရေခဲစပ်စခန်းကနေ သုံးနာရီလောက် ထပ်တက်ရင် ဖုန်ကန်ရာဇီ တောင်ထိပ်ကို ရောက်ပါတယ်။ လမ်း တစ်လျှောက် ရေခဲပေါ်မှာ လမ်းလျှောက်ရတယ်။ ဒုတိယအဆင့် တောင်ထိပ်ကို ရောက်ချိန်မှာတော့ အရှေ့မှာ ရေခဲတောင် ဖြူဖြူဖွေးဖွေးကြီးတွေကို ထင်ထင်ရှားရှား မြင်ရပါတယ်။ ဓာတ်ပုံတွေ ရိုက်ဖို့အတွက် အရမ်းလှတဲ့နေရာတစ်ခုပါ။ မြင်တွေ့ရတဲ့ တောင်တွေကတော့ ဖုန်ရင်ရာဇီနဲ့ ဖန်ခရမ်ရာဇီ ရေခဲတောင်တွေပဲ ဖြစ်ပါတယ်။ ဒုတိယအထပ်ကနေ မိနစ်အနည်းငယ် ထပ်တက်မယ်ဆိုရင်တော့ ဖုန်ကန်ရာဇီတောင်ထိပ်ကို ရောက်ရှိပါတယ်။ ဘေးပတ်ပတ်လည်မှာ တောင်တန်းကြီးတွေကို လှလှပပ မြင်တွေ့ရမှာ ဖြစ်ပါတယ်။








ဖုန်ကန်ရာဇီကနေ အပြန်လမ်းမှာ ကုန်းဆင်းများတာကြောင့် အဆင်းလမ်းဟာ ပိုပြီးမြန်ဆန်ပါတယ်။ မြစ်ကြီးနားသတင်းဂျာနယ် စာဖတ်ပရိသတ်တွေအနေနဲ့ ရေခဲတောင်ခရီးစဉ်ကိုသွားမယ်ဆိုရင် တစ်လလောက်ကြိုတင်ပြီး လေ့ကျင့်ပြင်ဆင်မှုတွေပြုလုပ်သင့်ပါတယ်၊ ဒါမှသာ တောင်တက်မယ့်အချိန် အခက်အခဲတွေ နည်းပါးမှာဖြစ်ပါတယ်လို့ ဆန္ဒပြုရင်း ခရီးစဉ်ကို ဝေမျှလိုက်ရပါတယ်။

ဆလိုင်း

■

# မြစ်ကြီးနားမြို့လယ်ခေါင် တွင်ထားရှိရန် ကျပ်သိန်းထောင်ချီတန်သော ကျောက်စိမ်းတုံးကြီး နှစ်တုံး လှူဒါန်း

မြစ်ကြီးနား၊ဒီဇင်ဘာ ၃

ကျောက်စိမ်းသူဌေး ဒေါက်တာဘန်ဘွမ်ယွန်က ကျပ်သိန်းပေါင်း ထောင်ချီတန်သော ကျောက်စိမ်းတုံးကြီး နှစ်တုံးကို မြစ်ကြီးနားမြို့ရှိအများပြည်သူ မြင်ကွင်းတွင် ထားရှိရန် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။





အလေးချိန် ကိုးတန်ကျော်ရှိသည့် ကျောက်စိမ်းတုံးကြီးနှင့် အလေးချိန်ခြောက်တန်ကျော်ရှိ ကျောက်စိမ်းတုံးတို့ကို မြစ်ကြီးနားမြို့၊ ဇရာရပ်ကွက်၊ တြိဂံလမ်းဆုံ (Myitkyina City) နေရာတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် လှူဒါန်းထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းထားရှိရခြင်းမှာ ကျောက်စိမ်းထွက်ရာ ကချင်ပြည်နယ်တွင် ကျောက်စိမ်းနှင့်ပတ်သက်သည့် အထိမ်းအမှတ်ဟူ၍ တစ်စုံတစ်ခုမျှမရှိသဖြင့် လှူဒါန်းထားရှိရခြင်းဖြစ်သည်ဟု ဒေါက်တာဘန်ဘွမ်ယွန်က ပြောသည်။

"ကချင်ပြည်နယ် မြို့တော်ဖြစ်တဲ့ မြစ်ကြီးနားမြို့တော်မှာ ကြည့်စရာ ကျောက်စိမ်းရယ်လို့ ဘာမှမရှိတာ တွေ့ရတယ်။ ဘာ ကျောက်စိမ်းမှမထွက်တဲ့ သူများတွေနိုင်ငံမှာ ကြည့်စရာ ကျောက်စိမ်းတွေ အများကြီး တွေ့ရတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ကိုယ့်ရဲ့ ပြည်နယ်၊ ကိုယ့်ရဲ့ဒေသအတွက် လှူချင်တဲ့စိတ်ရှိတာကြောင့် လှူဖြစ်တာပါ"ဟု ဒေါက်တာဘန်ဘွမ်ယွန်က ပြောသည်။

အထက်ပါ ကျောက်စိမ်းတုံးကြီးများကို ကျောက်စိမ်းဝယ်လက်များက သိန်းပေါင်း ထောင်ချီ၍ ဈေးပေးဝယ်ယူခဲ့ကြသော်လည်း မရောင်းချဘဲ ပြည်နယ်သူ/သားများဂုဏ်ယူနိုင်ရန်အတွက် လှူဒါန်းခဲ့ရခြင်းဖြစ်သည်ဟုလည်း အထက်ပါကျောက်စိမ်းသူဌေးက ပြောသည်။

"ရတနာပြပွဲ တင်မယ်ဆိုပြီးမှ ရည်ရွယ်ထားခဲ့ပါတယ်။ ဒါပေမဲ့ အစိုးရကနေ ကျွန်တော်တို့ ဒေသအတွက် တောင်းဆို လာတဲ့အချိန်မှာ လှူဖြစ်တာပါ"ဟုလည်း ဒေါက်တာဘန်ဘွမ်ယွန်က ဆက်လက်ပြောသည်။

အထက်ပါ ကျောက်စိမ်းတုံးကြီးများကို လာမည့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျရောက်မည့် ကချင်ပြည်နယ်နေ့တွင် စတင်ထားရှိသွားမည်ဖြစ်ကာ ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အထက်ပါ သူဌေးကြီးက ပြည်နယ်လွှတ်တော်နှင့် မြစ်ကြီးနားတက္ကသိုလ်တို့တွင်လည်း အလှူဆင်ရန် ကျောက်စိမ်းတုံးကြီးများ လှူဒါန်းထားကြောင်းလည်း သိရသည်။

Ah Je

# တရုတ်နိုင်ငံတွင် ကျင်းပမည့် နိုင်ငံတကာအဆင့် Miss ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် ကချင်ပြည်နယ်သူ ဆီလီမီးကို ရွေးချယ်

မြစ်ကြီးနား၊ ဒီဇင်ဘာ ၆

တရုတ်နိုင်ငံ Nantong ၌ ကျင်းပမည့် နိုင်ငံတကာအဆင့် Miss ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်ရန် ၂၀၁၈ ခုနှစ်က လီဆူအလှမယ်ဘွဲ့ ရရှိထားသော အသက်နှစ်ဆယ်အရွယ် အလှမယ် ဆီလီမီးကို ရွေးချယ်လိုက်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပမည့် အဆိုပါ Miss Tourism World Intercontinental Final 2019 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် Blessed Myanmar Entertainment နှင့် Miss Tourism World Myanmar Organization တို့က သူမကိုလာရောက်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်းသိရပြီး ထိုပွဲကို မြန်မာနိုင်ငံက ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

သူမသည် ၂၀၁၈ ခုနှစ်က ကျင်းပခဲ့သည့် လီဆူစာပေနှစ် ၁၀၀ ရာပြည့် ဂျူဗလီပွဲတော်တွင်သာ သရဖူရရှိဖူးသူတစ်ဦးဖြစ်သော်လည်း ရွေးချယ်ရေးအဖွဲ့က ၎င်းကို သဘောကျကာ အားကိုးမျှော်လင့်၍ နိုင်ငံကိုယ်စားပြုအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း အလှမယ်ဆီလီမီးက မြစ်ကြီးနားသတင်းဂျာနယ်သို့ပြောသည်။

"ညီမက ပွဲ အကြီးကြီးတွေမှာ Join ဖူးတဲ့သူလည်း မဟုတ်ဘူး၊ လီဆူစာပေ ရာပြည့်ပွဲ တစ်ပွဲပဲ ပြိုင်ဖူးတယ်ပေါ့နော်။ အဲ့ဒီမှာ ညီမက Winner ဆုရခဲ့တယ်. . . အဲ့ဒါကြောင့် ဒီနှစ် ဒီလိုပွဲမှာ ပါဝင်ဖို့ သူတို့က ညီမကို လာ Join တာပေါ့နော်။ ပြီးတော့ Organization က ညီမကို ပွဲကြီးတွေ Join ဖူးတဲ့ သူမဟုတ်ပေမယ့် ညီမကို ဖြစ်နိုင်ချေရှိတယ်ဆိုပြီး ရွေးချယ်ခဲ့တာပါ"ဟု ဆီလီမီးက ပြောသည်။

အဆိုပါပြိုင်ပွဲတွင် ရိုးရာဝတ်စုံ (National Costume), ညနေခင်းဝတ်စုံ (Evening Gown), ရေကူးဝတ်စုံ (Swim Suit)တို့ဖြင့် Round သုံးမျိုး ယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း သိရပြီး၊ ထိုပွဲသို့ နိုင်ငံပေါင်း ၆၀ ကျော်မှ အလှမယ်များ ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်သောကြောင့် သူမအနေဖြင့် Body ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများကို ကြိုးစားပြင်ဆင်နေရကြောင်း ဆီလီမီးက ဆက်လက်ပြောဆိုသည်။

"International ပွဲကြီး ဖြစ်တဲ့အတွက် ညီမအနေနဲ့ အများကြီး ကြိုးစားရတယ်။ body ပိုင်းဆိုင်ရာမှာလည်း သူတို့နဲ့ ရင်ပေါင်တန်းနိုင်အောင် ပြင်ဆင်မှုတွေ လုပ်နေတယ်။ Gym ကိုလည်း ပုံမှန် ဆော့ဖြစ်နေပါတယ်။ စိတ်ဓာတ်ပိုင်း ဆိုရင်လည်း မိမိကိုယ်ကိုယ် Confidence ရှိအောင်ပြင်ဆင်တယ်။ ညီမက နာမည်သိပ်မကြီးသေးပေမယ့် ပရိသတ်တွေက အရမ်းချစ်ပေးကြတယ်။ ဆက်လက်ပြီးလည်း ညီမကို အားပေးကြပါလို့ ပြောချင်ပါတယ်"ဟု သူမက ဆိုသည်။

၎င်းပြိုင်ပွဲကို တရုတ်နိုင်ငံ Nantong မြို့တွင် ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ဇန်နဝါရီလ ၈ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Benadeth



# မြစ်ကြီးနားမြို့တွင် ကမ္ဘာ့အဆင့်မီ အရေပြားနှင့်အလှအပ ပြုပြင်ကုသနိုင်ပါပြီ

မြစ်ကြီးနား၊ ဒီဇင်ဘာ ၄

အရေပြားနှင့်အလှအပပြုပြင်ကုသနိုင်မည့် အထူးကုဆေးခန်းတစ်ခုကို မြစ်ကြီးနားမြို့တွင် ဒီဇင်ဘာလ ၃ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့သည်။

Kembangan Group of Medical Centre မှကြီးမှူး၍ မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီးဘေးတွင် ဖွင့်လှစ်ထားသော ထိုဆေးခန်းအမည်မှာ 'ကမ်ဘန်ဂန်' အလှအပနှင့် ကျန်းမာရေး အထူးကုဆေးခန်း (Aesthetic Dermatology & Medical Specialist Centre) ဖြစ်ကြောင်း သိရသည်။

ထိုဆေးခန်းတွင် ကမ္ဘာ့အဆင့်မီ မျက်နှာအလှခွဲစိတ်ပြုပြင်ခြင်း၊ မျက်ရစ်ခွဲခြင်း၊ နှာခေါင်းပြုပြင်ခြင်း၊ တက်တူးဆေးမင်ကြောင်းများကို လေဆာဖြင့်ဖျက်ခြင်းများ ကုသပေးမည်ဖြစ်သည့်အပြင် အမျိုးသားများ၏ လိင်အင်္ဂါနှင့် သက်ဆိုင်သည့် ကုသမှုများကိုလည်း ကုသပေးသွားမည်ဖြစ်ကြောင်း Chief Medical Director ဒေါက်တာ ဘားနက်မြင့်မြင့်စန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"သိသလောက်တော့ မြစ်ကြီးနားက ပြည်သူလူထုတော်တော်များများက မျက်နှာအလှပြင်ချင်တာပဲဖြစ်ဖြစ်၊ ဆေးကုချင်တာပဲဖြစ်ဖြစ် ဘန်ကောက်အထိသွားကြတယ်။ အခုတော့ သွားစရာလိုတော့ဘူး။ ဆေးခန်းကတော့ အဓိက အရေပြားအထူးကုဖြစ်တဲ့အတွက်ကြောင့်မို့လို့ အရေပြားနဲ့ဆိုင်တာ အားလုံး ကုပေးတယ်။ ယောကျ်ား၊ မိန်းမအားလုံးအတွက် အလှအပနဲ့ဆိုင်တဲ့ ခွဲစိတ်မှုတွေ အားလုံးလုပ်ပေးတယ်။ လေဆာနဲ့လည်းကုပေးပါတယ်"ဟု ဒေါက်တာ ဘားနက်မြင့်မြင့်စန်းက ပြောသည်။

ယင်း အထူးကုဆေးခန်းတွင်လှပမှုဆိုင်ရာခွဲစိတ်ပြုပြင်သည့် ဝန်ဆောင်မှုများ၊ အမျိုးသား ကျန်းမာရေးနှင့် ဆံကေသာ အလှအပဆိုင်ရာ ဝန်ဆောင်မှုများ၊ အရေပြားရောဂါကုသမှုဆိုင်ရာ ဝန်ဆောင်မှုများကို ခန္ဓာကိုယ် တစ်ခုလုံးစာ ဝန်ဆောင်မှု ပေးမည့်အပြင် ကျန်းမာရေးနှင့် ဆိုင်သည့် ပြဿနာများကိုလည်း ဆရာဝန်နှင့် အခမဲ့ လာရောက်ဆွေးနွေးတိုင်ပင်နိုင်ကြောင်း သိရသည်။

ဂင်းအပြင် Corporate Social Responsibility အထူးအစီအစဉ်တစ်ရပ် အနေဖြင့် Kembangan - UHU General Hospital နှင့် အမေရိကန်အခြေစိုက် Smile Train တို့ ပူးပေါင်းကာ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများကိုလည်း အခမဲ့ ခွဲစိတ်ပေးနေကြောင်း သိရသည်။

မြစ်ကြီးနားမြို့တွင် ယခုကဲ့သို့ အဆင့်မြင့်ဆေးခန်းတစ်ခုလာရောက်ဖွင့်လှစ်ပေးသောကြောင့် ခရစ္စမတ်လက်ဆောင်တစ်ခုအဖြစ် မျှော်လင့်ယုံကြည်၍ အလွန်ပင်ဝမ်းသာမိသည်ဟု ထိုဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူ အဆိုတော် မရန်ဆိုင်းနော်က မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

"အထူးသဖြင့် ကျွန်တော်တို့ ကချင်ပြည်နယ်ကဆို Miss တွေလည်းတော်တော်များများ ထွက်တယ်။ မော်ဒယ်လ်လည်း များများထွက်တယ်ဆိုတော့ အနုပညာရှင်တွေနဲ့ အလှအပရေးရာဆိုတာက တကယ့်ကို ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုတော့ ကျွန်တော်တို့ တကူးတက သွားစရာမလိုဘဲ မြစ်ကြီးနားမှာလာပြီး ဖွင့်လှစ်ပေးတဲ့အတွက် တကယ့်ကိုမှ ဝမ်းသာမိပါတယ်"ဟု မရန်ဆိုင်းနော်က ပြောသည်။

Kembangan Group of Medical Centre သည် ရန်ကုန်၊ မန္တလေး တို့တွင်လည်း အလှအပနှင့် ကျန်းမာရေးဆိုင်ရာ ဆေးရုံနှင့် ဆေးခန်းများ ဖွင့်လှစ်ထားပြီး မြစ်ကြီးနားတွင်ပထမဦးဆုံးအကြိမ်အဖြစ် လာရောက်ဖွင့်လှစ်ခြင်း ဖြစ်သည်။

Ann/ Benadeth




**KBC - Humanitarian & Development Department**
**(Kachin Baptist Convention)**

**ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်**

**ဈေးပြိုင်ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း**

**အကြောင်းအရာ။ ။ ဆန်ဝယ်ယူရန်။**

| No. | Item Description | Qty | Unit | Unit Price | Total Price |
|---|---|---|---|---|---|
| 1 | ဆန် (ငွေတိုး) (ကောက်ဟောင်း) | 85050 | kg | | |

အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာများကို လာရောက်ထုတ်ယူနိုင်ပါသည်။

**ဆက်သွယ်ရန်** - KBC ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ လူမှုဝန်ထမ်းခြင်းနှင့် ဖွံ့ဖြိုးရေးဌာန
**အမှတ်** - ၁၃၅ ၊ ရှမ်းစုတောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ ဖုန်း -၀၉၄၇၀၂၄၇၄၀
Email: kbchdd@gmail.com

